မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါဆိုလပြည့်ကျော် ၂ရက်၊ ၂၀၀၈ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၈၈)

ပဏ္ဍိတာနဉ္စသေဝနာ တေံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး တက်ရောက်ကြည်ညို

ရန်ကုန် ဇူလိုင် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက် ၉နာရီခွဲက ရန်ကုန်မြို့ ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်ဝင်းအတွင်းရှိ အလံပြဘုရားကျောင်းတိုက်၌ ကျင်းပသည့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး အလံပြဘုရားကျောင်းတိုက်ဆရာတော်အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ အလံပြဘုရားကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီရိန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီး ဒေါ်ကြင်မြိုင်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မြဝင်း၊ ဒုတိယကျောင်းအုပ်ကြီး၊ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြည်ညိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁*

ငါးပါးသီလ ခံယူဆောက်တည်

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့အမှူးပြုသော ပရိသတ်များ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် အလံပြဘုရား ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသီရိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းအညွှန်း

ပြောင်းလဲတိုးတက်သည့် လတ်ဗီးယားသမ္မတနိုင်ငံ

တိုး ၏ သတင်းအက်ဆေး စာ-၅

ကြက်ဥစားသုံးသူများ ကိုယ်အလေးချိန်မကျနိုင်

အင်တာနက်ကျန်းမာရေး စာ-၅



တစ်ချိန်က အင်္ဂါဂြိုဟ်၌ ရေလွှမ်းခဲ့ဟုဆို

အာကာသသိပ္ပံ စာ-၄

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပွဲတော် အောင်ပွဲဆင်နိုင်ရေးလေ့ကျင့်နေသော တရုတ်ဘောလုံးအသင်း

ကမ္ဘာ့တစ်လွှားအားကစား စာ-၁၁

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဇူလိုင် ၁၉ ရက်)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ အနှစ်သာရများ ပိုမိုဖော်ဆောင်နိုင်ရေး အားတက်သရော ပူးပေါင်းဆောင်ရွက်

မြန်မာ့ရိုးရာ ယဉ်ကျေးမှုအနုပညာရပ်များကို ဘိုး၊ ဘေး၊ ဘီ၊ ဘင် အဆက်ဆက် အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ယနေ့တိုင် ထည်ဝါခံ့ထည်စွာ ရပ်တည်နိုင်လျက်ရှိသည်။ အမျိုးသားရေးဂုဏ်ရည်၊ အမျိုးသားရေး လက္ခဏာများလည်း ယနေ့ထက်တိုင် ရှင်သန်နေဆဲဖြစ်သည်။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားမှုကို မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များက ပြဆိုလျက်ရှိသည်။

တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေးနှင့် မျိုးချစ်စိတ်ဓာတ် ထက်သန်ရေးအတွက် ဆောင်ရွက်ရာတွင် အဆို၊ အက၊ အရေး၊ အတီးဟူသည့် အနုပညာကဏ္ဍသည် အင်အားကြီးမားစွာ ပါဝင်လျက်ရှိသည်။

နှစ်စဉ်ကျင်းပလျက်ရှိသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်သန်ခိုင်မာရေးအတွက်သာမက မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ ရှင်သန်ထွန်းကား ပြန့်ပွားရေးကို ဦးတည်ဖော်ညွှန်းလျက်ရှိသည်။

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေးအတွက် ကျင်းပရေးဦးစီးကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်လ ၁၄ ရက်က နေပြည်တော်၌ ကျင်းပခဲ့ပြီး ပြိုင်ပွဲကြီး၏ ဦးတည်ချက်များ အောင်မြင်ပြီးမြောက်စေရေးအတွက် သက်ဆိုင်ရာ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများက မိမိတို့ကဏ္ဍအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြမည် ဖြစ်သည်။

သို့ဖြစ်ရာ ဝါရင့်အနုပညာရှင်ကြီးများ အပါအဝင် တာဝန်ရှိသူအသီးသီးက ပြိုင်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာကဏ္ဍမှ အားတက်သရော ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အနှစ်သာရများကို ပိုမိုတိုးမြှင့် ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၉-၇-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၅ ၄။ ကျန်းမာသုတ
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **တောကြိုက်** (ကျော်ရဲအောင်၊ ခိုင်သင်းကြည်)
၁၃:၅၀ ၆။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၅ ၆။ အမျိုးသားရေးတေးကဗျာ
၄:၃၅ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၄:၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၀၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကဏ္ဍ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဒိုးဒိုးဒေါက်ဒေါက် ဘုန်းဘောက်** (အပိုင်း-၁၉)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ လူရွှင်တော်ရွှေဖလား
၂၀။ English Usage
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အဖြူရောင်မြွေမင်းသမီးလေး** (အပိုင်း -၃၂)

မရမ်းကုန်းမြို့နယ် သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရန် ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ ဇနီးဒေါ်နုနုရီ၊ သားဗိုလ်ထူးကျော်၊ သမီးမဒွဲ့ထူးစံမိသားစုက အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်ဦးအေးမြင့်နှင့် ဦးသိန်းထွန်းတို့က လက်ခံယူကြသည်။(**အောက်ပုံ**) (က-ပ)

ဝန်ကြီးဌာနစက်ရုံများ အရည်အသွေးမီ ပစ္စည်းများထုတ်လုပ် စက်ယန္တရားများ အမြဲကောင်းမွန်နေအောင် ထိန်းသိမ်း

စက်စွမ်းရည်ပြည့် လည်ပတ်နိုင်အောင် ကြိုးစားအားထုတ် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အမြဲတမ်းဆန်းသစ်တီထွင်လုပ်ကိုင်

နေပြည်တော် ဇူလိုင် ၁၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ဇူလိုင် ၁၆ရက် နံနက် ၉နာရီခွဲက အမှတ် (၂) စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံအထွေထွေမန်နေဂျာများနှင့် ကျောင်းအုပ်ကြီးများအား နေပြည်တော်ရှိ အမှတ် (၂)စက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားရာတွင် ဝန်ကြီးဌာနရှိ စက်ရုံများသည် အရည်အသွေးမီသော ပစ္စည်းများ ထုတ်လုပ်နိုင်ရေး၊ အရေအတွက်များများ ထုတ်လုပ်၍ ပြည်သူများ အသုံးပြုနိုင်ရေး၊ စွမ်းရည်ပြည့်မီအောင်လည်း ကြိုးစားထုတ်လုပ်ကြရေး၊ စက်ရုံရှိ ဝန်ထမ်းအဆင့်အတန်းအားလုံး စွမ်းရည်ရှိရေး၊ ကျွမ်းကျင်မှုရှိသော လုပ်သားများ၊ အရည်အသွေးရှိသော လုပ်သားများဖြစ်ရေး၊ စက်ရုံရှိ စက်ကိရိယာများ၊ ယန္တရားများကိုလည်း အမြဲတမ်းကောင်းမွန်နေအောင် ထိန်းသိမ်း၍ ကြံ့ခိုင်မှုများပြုလုပ်ပေးကာ စစ်ဆေးနေရေး၊ စက်စွမ်းရည်ပြည့် လည်ပတ်နိုင်အောင်လည်း တစ်ဖက်မှ ကြိုးစားအားထုတ်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အမြဲတမ်းတွေးတောကြံဆပြီး ဖန်တီးနိုင်မှု ဆန်းသစ်တီထွင် လုပ်ကိုင်ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဝန်ကြီးများက ထုတ်လုပ်မှုနှင့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (**သတင်းစဉ်**)

ကျောက်မြောင်း အောင်မင်္ဂလာလမ်း စနေပတ်ဆွမ်းလောင်းအသင်း အရုဏ်ဆွမ်း၊ ဆွမ်းဟင်းလောင်းလှူကြမည်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း အောင်မင်္ဂလာလမ်းမိသားစု စနေပတ်ဆွမ်းလောင်းအသင်းသည် တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့မှ သံဃာတော်အရှင်သူမြတ် ၄၀၀ကျော်တို့အား ဝါတွင်းဝါပ အပတ်စဉ် စနေနေ့နံနက်တိုင်းတွင် အောင်မင်္ဂလာလမ်း စနေပတ်ဆွမ်းလောင်းမဏ္ဍပ်၌ အရုဏ်ဆွမ်း ဆက်ကပ်လောင်းလှူကြမည် ဖြစ်သည်။

ကိုယ်တိုင် လောင်းလှူနိုင်

စေတနာရှင်များသည် ဦးစိန်ဝင်း(ဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁-၂၈၁၈၉၊ ဦးဇော်မိုးလွင် (အတွင်းရေးမှူး)ဖုန်း-၀၉-၅၀-၀၅၆၈၄၊ ဦးဖြိုးမင်းအေး(ဘဏ္ဍာရေးမှူး)ဖုန်း-၅၅၂၂၀၃ တို့သို့ဆက်သွယ်၍ လောင်းလှူလိုသည့် စနေပတ်ကို ကြိုတင်ရက်ချိန်းယူ ကိုယ်တိုင် လောင်းလှူနိုင်ကြောင်းနှင့် အခြားမြို့နယ်များမှ သံဃာတော်အရှင်သူမြတ်များအနေဖြင့်လည်း အပတ်စဉ် စနေနေ့ နံနက် ၄နာရီတွင် ကြွရောက်အလှူခံကြပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။ (က-ပ)

နှစ်ဖက်သောမိဘများအား ရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် ခုနစ်မိုင် ပြည်လမ်းနေ ဦးအောင်ညွန့်-ဒေါ်လှမြင့် မိသားစုက ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ဥက္ကဋ္ဌဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဥတုရာသီ တောကိုမှီ၏

ပူဇော်ရန် လှူဒါန်း

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်နိုင်ရန်အတွက် ဦးသန်းရှင်-ဒေါ်သန်းအား ရည်စူး၍ အမှတ်၄၃ လမ်းသွယ်(၈) သီရိမွန်အိမ်ရာ လှိုင်မြို့နယ်နေ ဦးဖေသန်း-ဒေါ်တင်တင်အေး မိသားစုက အလှူငွေကျပ်လေးသိန်းတန်ဖိုးရှိ ငွေသားနှင့် ရတနာပစ္စည်းများကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးလှမင်း၊ ဦးစိန်ဦးနှင့် ဦးခင်မောင်အေးတို့ လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစိုးကြည်အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အမြတ်တရား လေးပါး

ကျန်းမာခြင်းသည် မြတ်သောလာဘ်ကြီးဖြစ်သည်။

ရောင့်ရဲခြင်းသည် မြတ်သော ကိုယ်ပိုင်ဥစ္စာဖြစ်သည်။

ချစ်ကျွမ်းဝင်သူသည် မြတ်သောဆွေမျိုးဖြစ်သည်။

နိဗ္ဗာန်သည် မြတ်သောချမ်းသာဖြစ်သည်။

(ဓမ္မပဒ - ၂၀၄)

■ ရွှေဖုံးမှ

ရွှေဦးစွာ အလံပြဘုရားကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသီရိန္ဒ ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များ၊ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီးတို့က ပဓာနနာယကဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဇနီးတို့က ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဝါဆိုသင်္ကန်းလှူဒါန်း

ထို့နောက် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီး၊တပ်မတော်အရာရှိကြီးများက ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်တို့က အလံပြဘုရားကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

နေ့ဆွမ်း ဆက်ကပ်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့်အဖွဲ့ဝင်များက ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

တြိရတနဆွမ်းလောင်းအသင်း ဝါတွင်းဆွမ်းလောင်းလှူ

ရန်ကုန် ဇူလိုင် ၁၈

မရမ်းကုန်းမြို့နယ် ကမ္ဘာအေး ရေကူးရေစက်ဝင်းနှင့် ရေစက်လမ်း တြိရတနဆွမ်းလောင်းအသင်းမှ နှစ်စဉ်နှစ်တိုင်းကဲ့သို့ ဝါတွင်း (တနင်္ဂနွေနေ့နှင့် တနင်္လာနေ့တိုင်း) တစ်ပတ်လျှင် နှစ်ရက် နံနက် အရုဏ်ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူလျက်ရှိရာ ယင်းနေ့များတွင် သံဃာတော်အရှင်မြတ်များ အရုဏ်ဆွမ်း အလှူခံ ကြွရောက်ကြပါရန် ပင့်လျှောက်ထားကြောင်း သိရသည်။

(က-ပ)

မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

မင်္ဂလာတောင်တော်ဦးကျောင်းတိုက်၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ဗဟန်းမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုဇနအမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ကျောင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဘသန်း(အငြိမ်းစား)၊ ကျောင်းအကျိုးတော်ဆောင် ဦးမောင်မောင်သစ်နှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်

ထို့နောက် ဆရာတော်ဘဒ္ဒန္တသုဇန နှင့် သံဃာတော်များအား ပရိသတ်များက ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

(အောက်ပုံ)

ယင်းနောက် မင်္ဂလာတောင်တော်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ သုဇနက အနုမောဒနာ တရားချီးမြှင့်ပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပန်းတစ်ပွင့်တောင် သာသနာပြုတောရကျောင်းတိုက် နာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရထံ အလှူရှင်များက စိန်ဖူးတော် ဆက်ကပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

တိုက်ကြီးမြို့နယ်ပန်းတစ်ပွင့်တောင်ရှိ အရုံစေတီများ ထီးတော်တင်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောင်ပေါ်ရှိ အရုံစေတီတော်မြတ်များ ထီးတော်တင်မင်္ဂလာ အခမ်းအနားနှင့် ပန်းတစ်ပွင့်တောင် သာသနာပြုကျောင်းတိုက်နာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရအား စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ သိက္ခာထပ်မင်္ဂလာအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

ဆောက်တည်

ရွှေဦးစွာ နံနက် ၉နာရီခွဲတွင် ထီးတော်တင် မင်္ဂလာအခမ်းအနားကို စေတီတော် လိုဏ်အတွင်း၌ ကျင်းပရာ နမောတဿသုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ပန်းတစ်ပွင့်တောင်သာသနာပြုကျောင်းတိုက် နာယကချုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

တင်လှူပူဇော်

ထို့နောက် အလှူရှင်များဖြစ်ကြသည့် ဦးတင်ထွေး-ဒေါ်ခင်လှ၊ သမီးမတင်စန်းမိသားစု၊ ဦးမြင့်သန်း-ဒေါ်သန်းသန်းမိသားစု၊ ဦးအောင်မြင့်-ဒေါ်သောင်းရင်မိသားစု၊ ဦးကြည်တင်-ဒေါ်သိန်းမြင့်မိသားစုတို့က စိန်ဖူးတော်၊ ငှက်မြတ်နားတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြပြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အတွင်း လက်ယာရစ် သုံးကြိမ် လှည့်လည်ပင့်ဆောင်အပူဇော်ခံကြသည်။ ဆက်လက်၍ ဆရာတော်နှင့် အလှူရှင်မိသားစုများက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ထီးတော်ဘုံအဆင့်ဆင့်တို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပြီး စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်ကြသည်။ ၎င်းနောက် ဆရာတော်က အောင်ဂါထာဖြင့် ရွတ်ဆိုပူဇော်ပြီး ထီးတော်တင်အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

သိမ်ဆင်းလောင်းလှူ

ထို့နောက် ပန်းတစ်ပွင့်တောင် သာသနာပြုကျောင်းတိုက် နာယကချုပ်ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသာရအား စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် သိက္ခာထပ်မင်္ဂလာအခမ်းအနားကို မွန်းတည့် ၁၂နာရီ၌ ဆက်လက်ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ကြပြီး ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် အလှူရှင်များက သင်္ကန်းပရိက္ခရာရှစ်ပါးနှင့် ဝါဆိုသင်္ကန်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အနုမောဒနာတရားနာယူကြသည်။ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ပြီး ဆရာတော်သံဃာတော်များအား သိမ်ဆင်းလောင်းလှူခဲ့ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

မင်းဘူးခရိုင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၈

မင်းဘူးခရိုင်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင်၂၀ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီမှ ၄နာရီအထိ ရန်ကုန်မြို့ ဗဟန်းကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာမွေ့ရာရုံ၌ ကျင်းပမည်ဖြစ်ရာ မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ စကု၊ လယ်ကိုင်း၊ ပွင့်ဖြူ၊ ဆင်ဖြူကျွန်း၊ စလင်း၊ ငဖဲ၊ ပန်းတိမ်းမြို့နယ်များမှ ရန်ကုန်ရောက် မြို့နယ်သူ မြို့နယ်သားများ (အသင်းဝင်၊ မဝင်ရသေးသူများပါ) တက်ရောက်လှူဒါန်းပူဇော်ကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ဆက်သွယ်လှူဒါန်း

စေတနာရှင်များသည် အသင်းဥက္ကဋ္ဌ ဦးဝင်းဖေ(ဆောက်/လျှပ်)ဖုန်း-၇၀၄၇၉၆သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဝါဆိုသင်္ကန်းများဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၈

ပဋ္ဌာန်းရောင်တော်ဖွင့်အသင်း

သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့်အသင်းက နှစ်စဉ်နှစ်တိုင်းကဲ့သို့ အသင်းကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့်ပင့်သံဃာတော်အရှင်မြတ်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် အသင်းကြီး၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ဇူလိုင်၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် အာရုံခံတန်ဆောင်းအထက်ထပ်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များနှင့် အသင်းသား အသင်းသူများ ကြွရောက်ကြည်ညိုကုသိုလ်ယူကြရန် ဖိတ်ကြားနိုးဆော်ထားသည်။

ချောက်စက်မှုလက်မှုသိပ္ပံ ကျောင်းဆင်းမိသားစုများ

ချောက်စက်မှုလက်မှုသိပ္ပံကျောင်းဆင်းအင်ဂျင်နီယာမိသားစုများ၏အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆရာကန်တော့ပွဲအခမ်းအနားများကို ဇူလိုင် ၂၆ ရက် (စနေနေ့) နံနက် ၉နာရီတွင် မကွေးမြို့ မြသလွန်ဘုရားအရှေ့ဘက်ရှိ ဝေဠုဝန်ကျောင်းတိုက်၌လည်းကောင်း၊ ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မန္တလေးမြို့ ၇၀-၇၁လမ်းကြားနှင့် ၃၀-၃၁လမ်းကြားရှိ နန်းဦးကျောင်းတိုက်၌လည်းကောင်း၊ ဩဂုတ် ၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း ဗဟန်း ၃လမ်းမှတ်တိုင် အနီးရှိ အဘိဓမ္မာရတနာဿရဓမ္မဗိမာန်တော်ကြီး၌လည်းကောင်း အသီးသီးကျင်းပမည်ဖြစ်ရာ ကျောင်းဆင်းအင်ဂျင်နီယာမိသားစုများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃-၄၀၄၉၅၊ ဦးသောင်းညွန့် ဖုန်း-၀၂-၆၄၅၀၀နှင့် ဦးမောင်မောင်အုန်းမြင့် ဖုန်း-၀၉-၅၀- ၁၅၆၇၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်)

ဘိုကလေးမြို့နယ်အသင်း (ရန်ကုန်) ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၄)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ဇူလိုင်၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဘိုကလေးမြို့နယ် အသင်းမွေ့ရာရုံ၌ ကျင်းပမည်ဖြစ်ရာ ဘိုကလေးမြို့နယ်သူ၊ မြို့နယ်သားများနှင့် အသင်းဝင်များအားလုံး လာရောက်ကြရန် ဖိတ်ကြားထားသည်။ ဝါဆိုသင်္ကန်း၊ အလှူငွေနှင့်ပစ္စည်းများကို ဥက္ကဋ္ဌ ဦးစောဝေ၊ ဖုန်း-၀၉-၈၆၅၀၄၂၄၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးသိန်းဝင်း ဖုန်း-၅၈၀၆၂၅၊ ဦးစိုးအောင် ဖုန်း-၅၇၀၈၂၁၊ ဦးခင်မောင်တင့် ဖုန်း-၀၉-၅၃၀၁၇၇၆၊ ဦးတင်လှ ဖုန်း-၂၂၄၈၂၄၊ အတွင်းရေးမှူး ဦးသိန်းညွန့် ဖုန်း-၆၈၂၈၂၂၊ ဘဏ္ဍာရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၀၅၈၀၆၊ အသင်းရုံးဖုန်း- ၂၁၂၅၀၈တို့နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

တောင်ဥက္ကလာပ သိပ္ပမဥ္ဇူစာသင်တိုက်

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် ၁၅ရပ်ကွက် အမှတ် (၅)ဝိုင်း ပရိယတ္တိနယူပဒေသ သိပ္ပမဥ္ဇူစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခဉာဏ (စာရေးဆရာ စိတ်မိုး)အမှူးပြုသောဝါဆိုသံဃာတို့အား ဝါဆိုသင်္ကန်းဆက်ကပ်၍ အစိုးရပထမပြန် စာမေးပွဲအောင်မြင်ကြသော စာသင်သားတို့အား ဆုပေးပွဲအခမ်းအနားကို ဝါဆိုလပြည့်ကျော် ၁၀ ရက် (ဇူလိုင် ၂၇ ရက်) တနင်္ဂနွေနေ့တွင် ဒါယကာ ဒါယိကာမများစုပေါင်းကာ ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(က-ပ)

19-7 (03).pmd 1 7/20/2008, 2:06 AM

မြန်မာ့အလင်း ပြည်ပသတင်းနောက်ဆုံးဖြစ်ရပ်များ ၁၈-၇-၂၀၀၈

ကမ္ဘာ့ရွှေဈေးနှုန်း မြင့်တက်လာပြန်

ချီကာဂို ဇူလိုင် ၁၈

ကမ္ဘာ့ရွှေဈေးကွက်၌ ရွှေဈေးနှုန်းမှာ ပြီးခဲ့သည့် ရက်အနည်းငယ်ကထက် ရွှေတစ်အောင်စ လျှင် ၀ဒသမ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အမေရိကန် ရွှေလုပ်ငန်းရှင်များက ပြောကြားသည်။ နယူးယောက်ဈေးကွက်၌ ရွှေတစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၉၇၀ဒသမ၇၀ရှိကြောင်း သိရသည်။

ဗီယက်နမ်နှင့် လာအိုနယ်ခြားဂိတ်များ ဖွင့်လှစ်မည်

ဟန်္နိုင်း ဇူလိုင် ၁၈

ဗီယက်နမ်နှင့် လာအို နယ်ခြားဂိတ်များတည်ဆောက်မှု စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ကုန်ပိုင်းတွင် နှစ်နိုင်ငံနယ်နိမိတ် ၂၀၆၇ကီလိုမီတာအတွင်း နယ်ခြားဂိတ် ၅၉ခု ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း ဇူလိုင် ၁၇ရက်က ဒေသအာဏာပိုင်အဖွဲ့မှ သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နှစ်ဆမြင့်တက်

ဒါကာ ဇူလိုင် ၁၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်ပကုန်ထုတ်လုပ်မှု စီးပွားရေးဇုန် (အီးပီဇက်စ်) ရှစ်ခုမှ ယခုနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှ အမေရိကန်ဒေါ်လာ ၃၀၂သန်း ဝင်ငွေရရှိရာ ယခင်နှစ်ကာလထက် နှစ်ဆမြင့်တက်လျက်ရှိကြောင်း၊ စီးပွားရေးဇုန်များ၌ စက်မှုလုပ်ငန်းပေါင်း ၂၈၃ခု ရှိရာမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့် စက်မှုလုပ်ငန်းပေါင်း ၁၇၄ခုရှိပြီး ဖက်စပ်လုပ်ငန်းပေါင်း ၃၉ခုနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်း ၇၀ရှိကြောင်း (အီးပီဇက်စ်) အဖွဲ့ချုပ်မှ ပြောကြားသည်။

ယခုနှစ်တွင် အိုပက်အဖွဲ့မှရေနံရောင်းပမာဏလျော့ကျ

ဗီယင်နာ ဇူလိုင် ၁၈

ကမ္ဘာ့ရေနံရောင်းနိုင်ငံများ (အိုပက်)အဖွဲ့မှ ယခုနှစ် ရေနံရောင်းပမာဏသည် တစ်နေ့ ၈၆ဒသမ၈၁သန်း လျော့ကျလျက်ရှိရာ ဇွန်လအတွင်း ရေနံရောင်း ပမာဏမှာ ခန့်မှန်းထားသည်ထက် ရေနံစည်ပေါင်း ၉၀၀၀၀ လျော့နည်းခဲ့သည်။ အိုပက်အဖွဲ့ဝင် နိုင်ငံများအတွင်း ရေနံထုတ်လုပ်မှု၌ အီရန်နိုင်ငံသည် ဒုတိယအဆင့်တွင်ရှိသည်။

တရုတ် ပြည်တွင်းကုန်ထုတ်လုပ်မှု မြင့်တက်လာ

ပေကျင်း ဇူလိုင် ၁၈

၂၀၀၈ခုနှစ် ပထမခြောက်လအတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းကုန်ထုတ်လုပ်မှုမှာ အမေရိကန်ဒေါ်လာ ၁ဒသမ၉ထရီလီယံသို့ ရောက်ရှိလာခဲ့ရာ ယမန်နှစ်အလားတူကာလကထက် ၁၀ ဒသမ၄ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အမျိုးသားစာရင်းအင်း႒ာနက ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ထိုင်းနယ်စပ်၌ မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွား

ဗန်ကောက် ဇူလိုင် ၁၈

ထိုင်းနှင့် ကမ္ဘောဒီးယား နယ်ခြားဒေသ၌ တရားမဝင် နယ်စပ်ဖြတ်ကျော်မှုများ တားဆီးနှိမ်နင်းရေးအတွက် ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်များ စခန်းအနီး၌ ဇူလိုင် ၁၇ရက် ညနေပိုင်းက မြေမြှုပ်မိုင်း ပေါက်ကွဲသဖြင့် ထိုင်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိသည်။ ဒဏ်ရာရရှိသူများတွင် အရာထမ်းတစ်ဦး ပါဝင်သည်။

ခတ္တမန္ဒူ၌ ခရီးသည်တင်ဘတ်စ်ကားနှစ်စီးတိုက်မိ

ခတ္တမန္ဒူ ဇူလိုင် ၁၈

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မှ ပေါ့စ်ဟာရာမြို့သို့သွားရာ အဝေးပြေးလမ်းမပေါ်၌ ဇူလိုင် ၁၆ရက်က ခရီးသည်တင် ဘတ်စ်ကားနှစ်စီးတိုက်မိရာ ၅၅ဦးဒဏ်ရာရရှိကြောင်း၊ ၎င်းတို့အနက် ခုနစ်ဦးမှာ ပြင်းထန်သော ဒဏ်ရာရရှိသဖြင့် ခတ္တမန္ဒူဆေးရုံသို့ ပို့ဆောင်ပေးလျက် အရေးပေါ်ဆေးကုသမှုခံယူနေရကြောင်း အမျိုးသားသတင်း႒ာန အာရ်အက်စ်အက်စ်မှ သတင်းထုတ်ပြန်သည်။

အာဖဂန်၌ စစ်သွေးကြွများအား လေကြောင်းမှ တိုက်ခိုက်

ကဘူးလ် ဇူလိုင် ၁၈

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဘာကာဝါဒေသ၌ ဇူလိုင် ၁၇ရက်တွင် စစ်သွေးကြွများက ညွန့်ပေါင်းလုံခြုံရေးတပ်ဖွဲ့တည်ရှိရာသို့ စက်သေနတ်များ၊ အဝေးထိန်းစက်များဖြင့် အကြမ်းဖက် တိုက်ခိုက်မှုကြောင့် အမေရိကန်ဦးဆောင်သောညွန့်ပေါင်းတပ်ဖွဲ့သည် လေကြောင်းမှ ကူညီတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွများ၏ ခြေကုပ်စခန်းပျက်စီးခဲ့ပြီး အရပ်သားရှစ်ဦးသေဆုံးကာ နှစ်ဦးဒဏ်ရာရရှိသည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ အကျဉ်းသား အပြန်အလှန် လဲလှယ်

ဂျေရုဆလမ် ဇူလိုင် ၁၈

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာလက်နက်ကိုင်အုပ်စုတို့ အကျဉ်းသားအပြန်အလှန်လဲလှယ်ရေးကို ဇူလိုင် ၁၇ ရက်က ပြုလုပ်ခဲ့ကြကြောင်း အစ္စရေးအရာရှိများက ပြောကြားသည်။

ပေးအပ်ခဲ့

လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာလက်နက်ကိုင်များ ဖမ်းဆီးသွားခဲ့ပြီးနောက် သေဆုံးခဲ့သည့်အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦး၏ ရုပ်အလောင်းများကို ဟစ်ဇ်ဘိုလာတို့က အစ္စရေးတို့အားပေးအပ်ခဲ့သည်။ ထိုအစ္စရေး တပ်ဖွဲ့ဝင်နှစ်ဦးမှာ လွန်ခဲ့သည့် နှစ်နှစ်ခန့်က ဟစ်ဇ်ဘိုလာတို့ ဖမ်းဆီးသွားခဲ့သော တပ်ဖွဲ့ဝင်များဖြစ်သည်။

ပြန်လည်လွှဲပြောင်း

ထို့အတူ နယ်စပ်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီးနောက် သေဆုံးခဲ့သော ဟစ်ဇ်ဘိုလာ ၁၉၉ဦးတို့၏ ရုပ်အလောင်းများကိုလည်း အစ္စရေးတို့က လွှဲပြောင်းပေးခဲ့သည်။ ထို့အပြင် ဟစ်ဇ်ဘိုလာလက်နက်ကိုင်လေးဦးကိုလည်း အစ္စရေးတို့က ပြန်လည်လွှဲပြောင်းပေးခဲ့သည်။

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ ၂၀၀၆ ခုနှစ်က ၃၄ရက်ကြာ အပြန်အလှန်တိုက်ခိုက်မှုဖြစ်ပွားခဲ့ပြီးနောက် ယခုကဲ့သို့ နှစ်ဦးနှစ်ဖက် အကျဉ်းသားလဲလှယ်မှု ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ **အမ်အင်န်အေဆင်ပွာ**

အမေရိကန်အကူအညီပေးရေးအေဂျင်စီ ပြဿနာဖန်တီး ဘိုလစ်ဗီးယားသမ္မတ စွပ်စွဲပြောကြား

လီမာ ဇူလိုင် ၁၈

အမေရိကန်အစိုးရ အကူအညီပေးရေး အေဂျင်စီတစ်ခုသည် ဘိုလစ်ဗီးယားနိုင်ငံသို့ အကူအညီပေးခြင်းဖြင့် ပြဿနာများကို ဖန်တီးနေကြောင်း ဘိုလစ်ဗီးယားသမ္မတ မိုရာလက်က ဇူလိုင် ၁၇ရက်၌ ပြောကြားသည်။

ရည်ရွယ်နေ

ဘိုလစ်ဗီးယားနိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကပိုင်လုပ်ခြင်းဖြင့် အမေရိကန် နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ(ယူအက်စ်အေအိုင်ဒီ)က အရင်းရှင်စီးပွားရေးပုံစံနှင့် ခေတ်သစ်လက်ဘရယ်စနစ်များကို ထူထောင်ရန် ရည်ရွယ်နေသည်ဟု ဆိုသည်။

အမေရိကန်နှင့် ဘိုလစ်ဗီးယားနှစ် နိုင်ငံအကြား ခြွင်းချက်မရှိ ပူးပေါင်းဆောင်ရွက်ရေးကို အမေရိကန်နိုင်ငံခြားရေးဌာန လက်တင်အမေရိကဆိုင်ရာ ထိပ်တန်းအရာရှိ သောမတ်ရှန်နွန်နှင့် တွေ့ဆုံဆွေးနွေးမည်ဟု သမ္မတ မိုရာလက်က ဇူလိုင် ၁၇ရက်က အတည်ပြုပြောကြားသည်။

ကူညီထောက်ပံ့

အမေရိကန် ယူအက်စ်အေအိုင်ဒီမှ ဝန်ထမ်းများသည် ဘိုလစ်ဗီးယားအတိုက်အခံများအား ကူညီထောက်ပံ့နေသည်ဟု စွပ်စွဲကာ ၎င်းတို့ကို သမ္မတ မိုရာလက်အား သစ္စာခံသူများက ဒေသတွင်းမှ နှင်ထုတ်လိုက်သည်။

အမ်အင်န်အေဆင်ပွာ

အာကာသသိပ္ပံ



တစ်ချိန်က အင်္ဂါဂြိုဟ်၌ ရေလွှမ်းခဲ့ဟုဆို

နာဆာ ဇူလိုင် ၁၈

အင်္ဂါဂြိုဟ် မျက်နှာပြင်ပေါ်တွင် လေ့လာမှုများ ပြုလုပ်နေသော ဖီးနစ် အာကာသယာဉ်မှပေးပို့သည့် သတင်းဓာတ်ပုံ အချက်အလက်များအရ အင်္ဂါဂြိုဟ်ပေါ်တွင်တစ်ချိန်ကရေလွှမ်းခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ဇူလိုင်၁၇ရက်တွင် ပြောကြားသည်။

အင်္ဂါဂြိုဟ် လေ့လာရေးယာဉ်မှ ပေးပို့သောဓာတ်ပုံအရ အင်္ဂါဂြိုဟ်ပေါ်၌လွန်ခဲ့သည့်နှစ်ပေါင်းများစွာက ရေလွှမ်းခဲ့ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။ အဆိုပါ ဖီးနစ်မှပေးပို့သော ပုံရိပ်သည် ရေများပြည့်ဝနေသော အင်္ဂါဂြိုဟ် မျက်နှာတစ်ခု၏ ဓာတ်ပုံ (အပေါ်ပုံ)ဖြစ်ပြီး ၎င်းပုံရိပ်များအရ တစ်ချိန်က အင်္ဂါဂြိုဟ်ပေါ်တွင် ရေလွှမ်းခဲ့သည်ဟူသော အချက်အလက်ကို ခိုင်မာစေခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

လေ့လာချက်

ထို့အတူ အင်္ဂါဂြိုဟ်ပေါ်တွင် လွန်ခဲ့သော နှစ်ပေါင်းလေးဘီလီယံကျော်က သက်ရှိသတ္တဝါများနေထိုင်ခဲ့ကြကြောင်း၊ အင်္ဂါဂြိုဟ်၏မျက်နှာပြင်ပေါ်တွင်ရှိသော ဒြပ်ခဲများ၊ မြေမျက်နှာပြင် အနေအထားများနှင့် မြေကြီးနမူနာများကို အသေးစိတ်လေ့လာချက်အရ သက်ရှိသတ္တဝါများ နေထိုင်ခဲ့သည်ဟု သုတေသန ပညာရှင်ဂျွန်အက်ဖ်မူစတက်က ပြောကြားသည်။

မျှော်မှန်း

မိမိတို့အနေဖြင့် မကြာမီအချိန်အတွင်း အင်္ဂါဂြိုဟ်ပေါ်၌ သက်ရှိသတ္တဝါတို့၏ရုပ်ကြွင်းကို ရှာဖွေတွေ့ရှိနိုင်မည်ဟု မျှော်မှန်းထားကြောင်း ဂျွန်အက်ဖ်မူစတက်က ပြောကြားသည်။ (အင်တာနက်)

ကမ္ဘာ့မြို့ကြီးအချို့၏ မိုး /လေ အခြေအနေ

ဟောင်ကောင် ဇူလိုင် ၁၈

အာရှ-ပစိဖိတ်ဒေသမှ မြို့ကြီးအချို့၏ ဇူလိုင် ၁၈ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဟောင်ကောင်အခြေစိုက် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ ရာသီဥတုခန့်မှန်းရေးဌာနက အောက်ပါအတိုင်း သတင်းထုတ်ပြန်ထားသည်-

နိုင်ငံ	မြို့	အပူချိန်	ရာသီဥတုအခြေအနေ
တရုတ်	ပေကျင်း	၃၂°C	မိုးရွာ
တောင်ကိုရီးယား	ဆိုးလ်	၃၀°C	တိမ်ထူထပ်
ဂျပန်	တိုကျို	၃၀°C	မိုးရွာ
ဖိလစ်ပိုင်	မနီလာ	၂၉°C	လေပြင်းတိုက်၊ မိုးရွာ
ဗီယက်နမ်	ဟန်္နိုင်း	၃၂°C	လေပြင်းတိုက်၊ မိုးရွာ
ထိုင်း	ဗန်ကောက်	၃၅°C	မိုးရွာ
မလေးရှား	ကွာလာလမ်ပူ	၃၃°C	သာယာ
စင်ကာပူ	စင်ကာပူ	၃၁°C	လေပြင်းတိုက်၊ မိုးရွာ
အိန္ဒိယ	မွမ်ဘိုင်း	၃၁°C	မိုးရွာ
ပါကစ္စတန်	ကရာချိ	၃၆°C	တိမ်ထူထပ်
အင်ဒိုနီးရှား	ဂျကာတာ	၃၂°C	မြူဆိုင်း
ဩစတြေးလျ	ဆစ်ဒနီ	၂၀°C	သာယာ

(အင်တာနက်)

ဘင်္ဂလားဒေ့ရှ်မှ အလုပ်သမားများ ပြည်ပသို့တိုးမြှင့်စေလွှတ်

ဒါကာ ဇူလိုင် ၁၈

ဘင်္ဂလားဒေ့ရှ် အစိုးရအနေဖြင့် ပြည်ပနိုင်ငံများသို့အလုပ်သမားများ စေလွှတ်ရာတွင် အရည်အချင်းပြည့်ဝသော အလုပ်သမားများရရှိနိုင်ရေးအတွက်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ဇူလိုင် ၁၇ ရက်တွင် ပြောကြားသည်။

ကူညီပေး

ပြည်ပအလုပ်သမားဈေးကွက်သို့ တင်ပို့ရာတွင် အရည်အချင်းရှိသော အလုပ်သမားများအဖြစ် ရောက်ရှိလာစေရေးအတွက် ဝိုင်းဝန်းကူညီပေးသွားမည်ဖြစ်သည်။

ထိုသို့ သင်ကြားပေးရာတွင် သက်ဆိုင်ရာ လုပ်ငန်းခွင်၌ အဆင်ပြေစေရန်အတွက် သင်ကြားပေးခြင်းဖြစ်သည်။ နည်းပညာနှင့် လက်တွေ့ဆိုင်ရာတို့တွင် စနစ်တကျ သင်ကြားပေးခြင်းဖြစ်သည်။

(အင်တာနက်)

တရုတ်နှင့်စင်ကာပူ သုတေသနလုပ်ငန်း ပူးပေါင်းဆောင်ရွက်

စင်ကာပူ ဇူလိုင် ၁၈

တရုတ်နှင့် စင်ကာပူ နှစ်နိုင်ငံ သုတေသနအဖွဲ့များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုနှင့် အမြင်ချင်း ဖလှယ်မှုများ တိုးမြှင့်လုပ်ဆောင်ရေး သဘောတူညီမှုတစ်ရပ်ကို စင်ကာပူနိုင်ငံတွင် ဇူလိုင် ၁၇ ရက်က သဘောတူ လက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

နှစ်နိုင်ငံအနေဖြင့် သုတေသနလုပ်ငန်းလိုအပ်ချက်များ ထပ်မံဖြည့်စွက်ခြင်း၊ စီစဉ်ညွှန်ကြားခြင်း၊စာအုပ်စာတမ်းများ၊ ပြန်လည်ထုတ်ဝေခြင်း၊ နည်းပညာဆိုင်ရာ သတင်းအချက်အလက်များနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်တစ်ခုအဖြစ် သင်တန်းများ ပို့ချရေးလုပ်ငန်းများပါ ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်သည်။ **(အင်တာနက်)**

မီးလောင်မှုဖြစ်ပွား

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ရှိ ပလတ်စတစ် ထုပ်ပိုးမှုစက်ရုံ၌ မီးလောင်မှု ဖြစ်ပွားခဲ့သည်ကို ဇူလိုင် ၁၇ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

19-7 (04).pmd 1 7/20/2008, 2:06 AM

အင်တာနက်ကျန်းမာရေး



ကြက်ဥစားသုံးသူများ ကိုယ်အလေးချိန်မကျနိုင်

လန်ဒန် ဇူလိုင် ၁၈

ကိုယ်ခန္ဓာအလေးချိန်များပြားသူများအတွက် ကိုယ်အလေးချိန်လျှော့ချလိုပါက ကြက်ဥကဲ့သို့ ကာဗိုဟိုက်ဒရိတ်များသော အစားအစာများကို လုံးဝရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်တစ်ဦးက ပြောကြားသည်။

အဆီဓာတ်

ကြက်ဥ(အပေါ်ပုံ)တွင်ပါဝင်သော ကာဗိုဟိုက်ဒရိတ်နှင့် ဓာတ်ပေါင်းက သွေးကလာပ်စည်းများကို လှုပ်ရှားမှုနှေးကွေးစေပြီး သွေးအတွင်းအဆီဓာတ်များပြားစေကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထို့အပြင် ကြက်ဥ၊ ဘဲဥနှင့် အခြားဥများသည် ကာဗိုဟိုက်ဒရိတ်ပါဝင်မှုခြင်း မတူကြကြောင်း၊ ကြက်ဥနှင့်ဘဲဥတို့တွင် ပါဝင်သောကာဗိုဟိုက်ဒရိတ်နှင့် ဓာတ်ပေါင်းတို့သည် ခန္ဓာကိုယ်အတွင်း အဆိပ်ဓာတ်များ ပြောင်းလဲဖြစ်ပေါ်တတ်ကြကြောင်း ဗြိတိသျှသုတေသနပညာရှင်များကပြောကြားသည်။

ဂရုစိုက်စားသုံး

ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများသည် ကျန်းမာရေးကိုအထောက်အကူပြုကြောင်း၊ ထို့ကြောင့် ကျန်းမာစေသောအစာများကို ဂရုစိုက်စားသုံးကြရန် လိုအပ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

(အင်တာနက်)

အမေရိကန် ဦးဆောင်တပ်များ တိုက်ခိုက်မှု အာဖဂန်အရပ်သားရှစ်ဦး သေဆုံးကြောင်းဝန်ခံ

ကဘူးလ် ဇူလိုင် ၁၈

အာဖဂန်နစ္စတန်အနောက်ပိုင်း ဖာရာပြည်နယ်အတွင်း စစ်သွေးကြွများဟု မသင်္ကာဖွယ်ရှိသူများအား ဇူလိုင် ၁၅ရက်က လေကြောင်းမှ တိုက်ခိုက်ရာတွင် အမေရိကန်ဦးဆောင်သည့် နိုင်ငံစုတပ်ဖွဲ့များ၏လက်ချက်ဖြင့် အာဖဂန်အရပ်သားရှစ်ဦး သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ဇူလိုင် ၁၇၌ ကြေညာသည်။

ဖော်ပြ

ဖာရာပြည်နယ် ဘက်ဝါခရိုင်အတွင်း နိုင်ငံစုံတပ်ဖွဲ့ကို နေအိမ်များ၌ ခိုအောင်းပြီး စစ်သွေးကြွများက စက်သေနတ်များဖြင့် တရကြမ်းပစ်ခတ်သဖြင့် လေကြောင်းအကူ ခေါ်ခဲ့ရကြောင်း၊ မြေပြင်တပ်မှ တုံ့ပြန်တိုက်ခိုက်သည့်အပြင် လေကြောင်းမှလည်း တိုက်ခိုက်ကြောင်း၊ နေအိမ်တစ်လုံးထိမှန်ပြီး အရပ်သားရှစ်ဦး သေဆုံးကာ နှစ်ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်ကြေညာချက်၌ ဖော်ပြသည်။

သေဆုံး

မရည်ရွယ်ဘဲ ယင်းသို့အရပ်သားများ သေဆုံးရခြင်းအတွက် ဝမ်းနည်းကြောင်း ကြေညာချက်တွင် ထည့်သွင်းဖော်ပြသည်။

အမ်အင်န်အေရိုက်တာ

သူတို့ အတွေးနှင့် အမြင်

- *We poor common people must take wives whom, we love and who love us.*

  သာမန်ဆင်းရဲသားများဖြစ်ကြသည့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကလည်းချစ်၍ ကျွန်ုပ်တို့ကိုလည်းချစ်သော ဇနီးများကို လက်ထပ်ကြရမည်။

  မိုဇတ်(ဩစတြီးယားလူမျိုး ဂီတအနုပညာရှင်)

- *Pleasure is the greatest incentive to evil.*

  သာယာမှုသည် မကောင်းမှုဖြစ်စေရန် နှိုးဆွပေးသည့် အကြီးမားဆုံးသောအရာဖြစ်သည်။

  ပလေတို (ဂရိလူမျိုး အတွေးအခေါ်ပညာရှင်)

ပြောင်းလဲတိုးတက်သည့် လတ်ဗီးယားသမ္မတနိုင်ငံ

သတင်းအက်ဆေး

လတ်ဗီးယားသမ္မတနိုင်ငံသည် ဥရောပအရှေ့မြောက် ဗော်လတစ်ပင်လယ်ဒေသတွင် တည်ရှိသည်။ ဥရောပတိုက်၏ အရှေ့မြောက်ဒေသမှ ဤနိုင်ငံသည် ဆိုဗီယက်ဘော်လတစ်သမ္မတနိုင်ငံဟောင်း သုံးခုအနက် ပထဝီဝင်အရ အလယ်၌တည်ရှိသည့်အလျောက် မြောက်ဘက်အိမ်နီးချင်း အက်စတိုးနီးယားသမ္မတနိုင်ငံ သမိုင်းနှင့် ယဉ်ကျေးမှု အဆက်အစပ်များရှိပြီး တောင်ဘက်အိမ်နီးချင်း လစ်သူယေးနီးယားသမ္မတနိုင်ငံနှင့်မှ ဘာသာစကား နီးနွယ်မှုရှိလေသည်။

ချုပ်ကိုင်ထား

၁၉၁၈ ခုနှစ်တွင် လတ်ဗီးယား အမျိုးသားကောင်စီက လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ကြေညာသည်။ ၁၉၁၈-၁၉၂၀ ပြည့်နှစ်တွင် ပြည်တွင်းစစ်ဖြစ်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် ပထမဆုံးဖွဲ့စည်းပုံ အခြေခံဥပဒေကိုပြဋ္ဌာန်းသည်။ ၁၉၃၄ ခုနှစ်တွင် တည်ငြိမ်မှုမရှိသော အစိုးရအဆက်ဆက် အုပ်ချုပ်အပြီး ဝန်ကြီးချုပ်ကာလစ်ဒူလ်မာနစ်က အာဏာကို လုံးဝချုပ်ကိုင်ထားသည်။

၁၉၄၀ ပြည့်နှစ်တွင် လတ်ဗီးယားနိုင်ငံအတွင်း ဆိုဗီယက်တပ်များ ကျူးကျော်ဝင်ရောက်သည်။ လတ်ဗီးယားနိုင်ငံမှာ အခြားသော ဘော်လတစ်သမ္မတနိုင်ငံနှစ်နိုင်ငံဖြစ်သည့် အက်စတိုးနီးယား၊ လစ်သူယေးနီးယားတို့နှင့်အတူ ဆိုဗီယက် ပြည်ထောင်စုအတွင်း သွတ်သွင်းခံလိုက်ရသည်။

နှင်ထုတ်

၁၉၄၁ ခုနှစ်တွင် နာဇီတပ်များ ကျူးကျော်လာသည်။ လတ်ဗီးယားဂျူး ၇၇၀၀၀ တို့မှာ နာဇီနှင့် လတ်ဗီးယားရဲတပ်ဖွဲ့၏ သတ်ဖြတ်ခြင်းခံလိုက်ရသည်။ ၁၉၄၄ခုနှစ်တွင် တပ်နီတော်များပြန်လာသည်။ ဆိုဗီယက်ဆန့်ကျင်ရေးကို ချေမှုန်းပြီး လတ်ဗီးယားပြည်သူအချို့ကို နိုင်ငံမှနှင်ထုတ်သည်။

၁၉၈၆ ခုနှစ်တွင် အမျိုးသားရေးဝါဒီများနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားသူများက ပထမဆုံးဆိုဗီယက်ဆန့်ကျင်ရေး စီတန်းလှည့်လည် ဆန္ဒပြသည်။ ၁၉၈၈ ခုနှစ်တွင် လွတ်လပ်ရေး အရေးတော်ပုံ အရှိန်မြှင့်ရန် လတ်ဗီးယားပြည်သူ့တပ်ဦးကို ထူထောင်သည်။ ၁၉၉၀ပြည့်နှစ် မေလတွင် လတ်ဗီးယားဦးစီးကောင်စီ (ပါလီမန်)က လတ်ဗီးယားသမ္မတနိုင်ငံ၏ လွတ်လပ်ရေးကြေညာသည်။ ပြည်သူ့တပ်ဦးမှ အိုင်ဗာဂေါ့မာနစ် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

ကြေညာ

၁၉၉၁ခုနှစ် ဇန်နဝါရီလတွင် လွတ်လပ်ရေးလှုပ်ရှားမှုကို ဆန့်ကျင်သည့် ဆိုဗီယက်လိုလားသော အင်အားစုများ၏ လှုပ်ရှားမှုတစ်ရပ်အဖြစ် အိုမွန်ဆိုဗီယက် ရဲအထူးတပ်ဖွဲ့က ရီဂါမြို့တော်မှ လတ်ဗီးယားပြည်ထဲရေးဝန်ကြီးဌာနကို စီးနင်းတိုက်ခိုက်သည်။ ခြောက်ဦးသေဆုံးသည်။ ထိုနှစ် မတ်လတွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပရာ ပြည်သူအများစုက လွတ်လပ်ရေးလိုလားကြောင်း ဆန္ဒပေးကြသည်။ ထိုနှစ် ဩဂုတ်လတွင် ရီဂါမြို့တော်၌ အိုမွန်ရဲအထူးတပ်ဖွဲ့က ထပ်မံသပိတ်မှောက်သဖြင့် ခြောက်ဦးသေဆုံးပြန်သည်။ လတ်ဗီးယားဦးစီးကောင်စီက အပြည့်အဝ လွတ်လပ်ရေးရရှိပြီဖြစ်ကြောင်း ကြေညာလိုက်သည်။ ထိုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂအဖွဲ့ဝင် ဖြစ်လာခဲ့သည်။

ရွေးချယ်တင်မြှောက်

၁၉၉၃ ခုနှစ် ဇွန်လတွင် အမတ်နေရာ ၁၀၀ရှိသည့် ပါလီမန်အတွက် ပထမဆုံး လွတ်လပ်သည့်ရွေးကောက်ပွဲ ကျင်းပသည်။ ထိုနှစ် ဇူလိုင်လတွင် ဂန်တစ်အူလ်မာနစ်အား သမ္မတအဖြစ် ရွေးချယ်တင်မြှောက်သည်။ ၁၉၉၆ ခုနှစ်တွင် ပြန်လည်ရွေးချယ်တင်မြှောက်သည်။ ၁၉၉၄ ခုနှစ် ဩဂုတ်လတွင် ရုရှားတပ်၏ နောက်ဆုံးလက်ကျန်တပ်ဖွဲ့ဝင်များလတ်ဗီးယားမှ ထွက်ခွာသွားသည်။ ၁၉၉၅ ခုနှစ်တွင် ဥရောပကောင်စီဝင်ဖြစ်လာခဲ့သည်။

၁၉၉၉ ခုနှစ်တွင် သမ္မတအူလ်မာနစ် သမ္မတသက်တမ်းကုန်ဆုံးသဖြင့် ဗေရီယာဗိုက်ဖရေဘာဂါအား ရွေးချယ်တင်မြှောက်လိုက်သဖြင့် ဥရောပအရှေ့ပိုင်းတွင် ပထမဆုံးအမျိုးသမီးသမ္မတဖြစ်လာသည်။ ၂၀၀၃ ခုနှစ် ဇွန်လ သမ္မတရွေးကောက်ပွဲတွင် ဒုတိယသက်တမ်းအတွက် ပြန်လည်ရွေးချယ်ခံခဲ့ရသည်။

ဆန္ဒပြ

၂၀၀၄ခုနှစ် ဖေဖော်ဝါရီလတွင် စာသင်ကျောင်းများ၌ ရုရှားဘာသာ အသုံးပြုမှု ကန့်သတ်ရေးဥပဒေကို ပါလီမန်က အတည်ပြုစဉ် ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပွားသည်။ အာဏာရညွန့်ပေါင်းအစိုးရ ပြိုကွဲသည်။ ဝန်ကြီးချုပ် အိန်နာရက်ဆီ ရာထူးမှနုတ်ထွက်သည်။ ညွန့်ပေါင်းအစိုးရသစ်တွင် အင်ဒူလစ်အင်ဆစ်ဝန်ကြီးချုပ်ဖြစ်လာသည်။

၂၀၀၄ ခုနှစ် မတ်လတွင် နေတိုးအဖွဲ့ဝင်ဖြစ်လာသည်။ ထိုနှစ် မေလ ၁ရက်တွင် အီးယူအဖွဲ့ဝင်သစ် ၁၀နိုင်ငံတွင် ဤနိုင်ငံပါဝင်သည်။

၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ပါလီမန်က ဘတ်ဂျက်အတည်မပြုသဖြင့် အင်ဒူလစ်အင်ဆစ်၏ညွန့်ပေါင်းအစိုးရ နုတ်ထွက်ခဲ့သည်။ အယ်ဂါကာဗီတစ် ဝန်ကြီးချုပ်ဖြစ်လာသည်။ ၂၀၀၆ခုနှစ် အောက်တိုဘာရွေးကောက်ပွဲတွင် အယ်ဂါကာဗီတစ် ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရအဖွဲ့မှ ပါတီများ အနိုင်ရသည်။

အာဏာပြန်ရ

၂၀၀၇ခုနှစ် မတ်လတွင် ရုရှားနှင့် နယ်နိမိတ်ရေးဆွဲရေး စာချုပ် လက်မှတ်ရေးထိုးသည်။ ထိုနှစ်ဒီဇင်ဘာလတွင် ဝန်ကြီးချုပ် ကာဗီတစ် ရာထူးမှထွက်သည်။ သို့သော်သူ၏ညွန့်ပေါင်းအစိုးရမှာ ပါလီမန်က မဲခွဲထောက်ခံသဖြင့် အာဏာပြန်ရသည်။ အိုင်ဗာဂေါ့မာနစ် ဝန်ကြီးချုပ်သစ်ဖြစ်လာသည်။ ဝန်ကြီးချုပ်၏ ဦးစားပေးလုပ်ငန်းများတွင် ငွေဖောင်းပွမှုထိန်းချုပ်ရေးနှင့် ဆယ်နှစ်အတွင်း ဥရောပလူနေမှုအဆင့်အတန်းရောက်ရှိရေးတို့ ပါဝင်သည်။

လတ်ဗီးယားသမ္မတနိုင်ငံသည် သစ်တောနှင့် ငါးဖမ်းသည့် ပင်လယ်ပျော်လုပ်ငန်းတို့မှာ စီးပွားရေးတွင်အရေးပါသောကဏ္ဍများဖြစ်ပြီး ရာစုနှစ်ပေါင်းများစွာ လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်ခဲ့သည်။

အခြေချလာ

ဆိုဗီယက်ခေတ်တွင် ဤနိုင်ငံ၌ အကြီးစားစက်မှုထွန်းကားသည့်အတွက် ဆိုဗီယက်ပြည်ထောင်စု၏ အခြားသောဒေသများမှပြည်သူတို့က လာရောက်အခြေချလာခဲ့ကြသည်။

ဤနိုင်ငံသည် လွတ်လပ်ရေးရပြီး ၁၀ နှစ်အတွင်းမှာပင် အိမ်နီးချင်းဗော်လတစ်နိုင်ငံများကဲ့သို့ တံခါးဖွင့်စီးပွားရေးကို အမီလိုက်ရန် လျင်မြန်စွာ ပြုပြင်ပြောင်းလဲနိုင်သည့် နိုင်ငံဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တိုး - ရေးသားသည်

ဂျပန်အနောက်တောင်ပိုင်း၌ မုန်တိုင်းတိုက်ခတ်

တိုကျို ဇူလိုင် ၁၈

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း အနောက်တောင်ပိုင်းသို့ ဇူလိုင် ၁၇ရက်မွန်းလွဲပိုင်းက မုန်တိုင်းဝင်ရောက် တိုက်ခတ်ခဲ့ကြောင်း ဂျပန်မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

ဓာတ်အားပြတ်တောက်

အဆိုပါ မုန်တိုင်းသည် တစ်နာရီ မိုင်၆၀နှုန်းဖြင့် တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ရာ အိုကီနာဝါကျွန်းတွင် နေအိမ်အချို့ ပျက်စီးခဲ့ကြောင်း၊ ထို့အပြင် ဓာတ်အားကြိုးများပြတ်တောက်ခဲ့သဖြင့် နေအိမ်များ ဓာတ်အားပြတ်တောက်သွားကြောင်း သိရသည်။

၎င်းမုန်တိုင်းသည် ဂျပန်နိုင်ငံ တောင်ပိုင်းသို့ ဆက်လက်ဦးတည်တိုက်ခတ်သွားကြောင်း ဂျပန်မိုးလေဝသဗျူရိုက သတင်းထုတ်ပြန်သည်။

(အင်တာနက်)

တရုတ်အနောက်တောင်ပိုင်း၌ မြေပြိုမှု ဖြစ်ပွား

ကူမင်း ဇူလိုင် ၁၈

တရုတ်နိုင်ငံအနောက်တောင်ပိုင်း မင်ဟိုမြို့ တွင် ဇူလိုင် ၁၇ရက် နံနက်က မြေပြိုမှု ဖြစ်ပွားရာ ခြောက်ဦးသေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း မင်ဟိုမြို့ ရဲတပ်ဖွဲ့က ပြောကြားသည်။

ယခုကဲ့သို့ မြေပြိုမှုဖြစ်ပွားရခြင်းမှာ ပြီးခဲ့သည့်ရက်များက မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့်ဖြစ်ပြီး မြေပြိုမှုကြောင့် မင်ဟိုမြို့ ဆင်ခြေဖုံးအရပ်၌ အိမ်၄၀ခန့် ပျက်စီးခဲ့သည်။(အင်တာနက်)

တောင်အာဖရိက အနောက်ဘက်ကမ်းရိုးတန်း လေဆင်နှာမောင်းတိုက်ခတ် အိမ် ၅၉လုံးပျက်စီး

ကိတ်တောင်း ဇူလိုင် ၁၈

တောင်အာဖရိကနိုင်ငံ အနောက်ဘက် ကမ်းရိုးတန်းဒေသရှိ ဝီတက်လစ်မြို့တွင် ဇူလိုင် ၁၇ရက်က လေဆင်နှာမောင်း တိုက်ခတ်ရာ နေအိမ် ၅၉လုံးပျက်စီးခဲ့ကြောင်း တောင်အာဖရိက နိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များက ပြောကြားသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့သည့်အပြင် သစ်ပင်များအမြစ်မှ ကျွတ်ထွက်ပြိုလဲကျခဲ့ကြောင်း၊ လူအချို့ ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါ လေဆင်နှာမောင်းသည် အသံများမြည်ကာ အင်အားပြင်းစွာတိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရသူများမှာ နေအိမ်များ ပြိုကျခဲ့ရာမှ ထိခိုက်ဒဏ်ရာရခြင်းဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

ဖိလစ်ပိုင်မြောက်ပိုင်းသို့ မုန်တိုင်းတိုက်ခတ် နေအိမ်များပျက်စီးပြီး ရေလွှမ်းမှုဖြစ်ပွား

ဟောင်ကောင် ဇူလိုင် ၁၈

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း အယ်လိုကော့စ်နှင့် ကာဂါယန်ဒေသများသို့ ဇူလိုင် ၁၇ရက် နံနက်က မုန်တိုင်းမွှေနှောက်တိုက်ခတ်ရာ ဒေသခံပြည်သူ ထောင်ပေါင်းများစွာ လေဘေးဒုက္ခကြုံတွေ့ခဲ့ရကြောင်း ဖိလစ်ပိုင်နိုင်ငံ မိုးလေဝသနှင့်ဇလဗေဒဌာနမှ သတင်းထုတ်ပြန်သည်။

အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် ၆၅မိုင်နှုန်း တိုက်ခတ်ခဲ့သည့်အပြင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများ(**အပေါ်ပုံ**)လည်း ကြုံတွေ့ခဲ့ရကြောင်း၊ နေအိမ်များ ပျက်စီးခဲ့ပြီး လမ်းများရေလွှမ်းမှုကြောင့် သွားလာရေးပြတ်တောက်သွားကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။၎င်းမုန်တိုင်းသည် တရုတ်နိုင်ငံအရှေ့ပိုင်း ကျွန်းများဆီသို့ ဆက်လက် တိုက်ခတ်သွားကြောင်း သိရသည်။

(အင်တာနက်)

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊

မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ဘဝအမောပြေ

ဖြစ်ရလေ . . .

အာကာသယာဉ်တီထွင်ထုတ်လုပ်သည့်ပညာရှင်တစ်ဦးက အခြားဂြိုဟ်သစ်တစ်ခုသို့ သူ၏ဒုံးပျံယာဉ်ရောက်ရှိ သွားမှုကို ဆွေးနွေးလျက်ရှိသည်။

မေးမြန်းသူ ။ ။ ဆရာတီထွင်လိုက်တဲ့ ဒုံးပျံယာဉ်ဂြိုဟ်ပေါ် ဆင်းသက်နေပြီနော်။

ပညာရှင် ။ ။ ဟုတ်ပါတယ်။

မေးမြန်းသူ ။ ။ ဒီဂြိုဟ်သစ်က ကျွန်တော်တို့ ကမ္ဘာဂြိုဟ်နဲ့ ပုံသဏ္ဌာန်လည်း တူနေတယ်နော်။

ပညာရှင် ။ ။ ဟုတ်ပါတယ်။

ထိုအချိန်တွင် သားဖြစ်သူ လေးတန်းကျောင်းသား အပြေးအလွှား ရောက်ရှိလာပြီး. . .

သားငယ် ။ ။ အဖေရေ. . . အဖေ့ဒုံးပျံကြီး အိမ်အနောက်ဘက် ကွင်းပြင်ထဲမှာ ရောက်နေပြီ။

ပညာရှင် ။ ။ ''ဟိုက်''

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက ဗဟန်းမြို့နယ် ကြားတောရလမ်း မင်္ဂလာဈေးမွှေးရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ စည်းရုံးရေးဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ မူလဆယ်တောင်ပြည့်ကျောင်းဆရာတော် ဘဒ္ဒန္တကုဒ္ဒိဗလထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များက သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရန်ကုန်တိုင်း သံဃနာယကအဖွဲ့အကျိုးတော်ဆောင် အလုံ အောင်မင်္ဂလာတိုက်သစ်ဆရာတော် ဘဒ္ဒန္တကုဏ္ဍလထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူးကျင်းပသော ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (အမျိုးသမီးရေးရာ)

မရမ်းခြံ အောင်ဓမ္မရိပ်သာကျောင်း ဝါတွင်းတရားပွဲများ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၁၂)ရပ်ကွက် မရမ်းခြံရပ် အောင်ဓမ္မရိပ်သာ ကျောင်းတိုက်ကြီး၌ နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ဝါတွင်းတရားပွဲများ အဖြစ် ၁၀ရက် တရားစခန်းပွဲများကို ဖွင့်လှစ်သွားမည် ဖြစ်ရာ ဇူလိုင် ၁၉ရက်၊ ဩဂုတ် ၈ရက်၊ စက်တင်ဘာ၄ရက်၊ အောက်တိုဘာ ၂ရက်တို့တွင် ကျင်းပမည် ဖြစ်သည်။

အရဏ်ဆွမ်း၊ နေ့ဆွမ်း ခွဲခြား၍လည်းကောင်း၊ တွဲ၍လည်းကောင်း လှူဒါန်းလိုသူ စေတနာရှင်များ လှူဒါန်းနိုင်ကြောင်းနှင့် အောင်ဓမ္မရိပ်သာ ပဋ္ဌိပတ္တိသာသနာ့ အကျိုးဆောင်အဖွဲ့ ဖုန်း-၆၆၁၁၀၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ရွှေ့နေချုပ်ရုံးက ထုတ်ဝေသောစာအုပ်များ ဖြန့်ချိ

နေပြည်တော် ဇူလိုင် ၁၈

ရှေ့နေချုပ်ရုံးက ပုံနှိပ်ထုတ်ဝေသော **"ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့် ကြေညာချက်များ (၂၀၀၇)ခုနှစ်"** စာအုပ်ကို တစ်အုပ်လျှင် ကျပ်၂၀၀၀၊ **"Myanmar Laws(2007)"** စာအုပ်ကို တစ်အုပ်လျှင် ကျပ်၁၈၀၀ဖြင့် ရှေ့နေချုပ်ရုံးက ၂၀၀၈ခုနှစ် ဇွန်လမှစ၍ ဖြန့်ချိလျက်ရှိသည်။

ယင်းစာအုပ်များတွင် ၂၀၀၇ခုနှစ်အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထုတ်ပြန်ခဲ့သည့်ဥပဒေများ၊ နည်းဥပဒေများ၊ အမိန့်များနှင့်အစိုးရအဖွဲ့က ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာများနှင့် ကြေညာချက်များ ဖော်ပြထားသည်။

ရောင်းချပေး

ယင်းစာအုပ်များကို ရှေ့နေချုပ်ရုံး(နေပြည်တော်) ဥပဒေစာအုပ်အရောင်းဆိုင်၊ ရှေ့နေချုပ်ရုံးခွဲ(ရန်ကုန်)ဥပဒေစာအုပ်အရောင်းဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်၊ အင်းဝစာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် ပြည်နယ်၊ တိုင်း ဥပဒေရုံးများတွင် ဝယ်ယူရရှိနိုင်ပြီး အဆိုပါ စာအုပ်ဆိုင်များတွင် ရှေ့နေချုပ်ရုံးက ထုတ်ဝေဖြန့်ချိလျက်ရှိသော အခြားဥပဒေစာအုပ်များကိုလည်း ရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီတို့အားအမှူးထား၍ ပို့ဆောင်ရေးဝန်ကြီးဌာန တတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၄ရက် နံနက် ၉နာရီခွဲက နေပြည်တော်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင် နေပြည်တော်ပျဉ်းမနား ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိဆရာတော် အမှူးပြု၍ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာ ပရိယတ္တိစာသင်တိုက် ငွေတောင်ကျောင်း၊ ဇောတိကာရုံကျောင်းနှင့် သာသနာ့ ဝေပုလ္လာကျောင်းတို့မှ ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် နေပြည်တော် ပျဉ်းမနား ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော်ထံမှ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများ၊ ၎င်းတို့၏ ဇနီးများနှင့် ဝန်ထမ်းမိသားစုများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ရွတ်ပွားသည့် ပရိတ်တရားတော်များကို နာယူကြသည်။

လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီတို့က ဘဒ္ဒန္တဝိမလ ဗုဒ္ဓိဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး **(အပေါ်ပုံ)** ဌာနဆိုင်ရာ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများက ကျောင်းတိုက်များမှဆရာတော် သံဃာတော် ၁၂၉ပါးအတွက် ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်ကပ်

ပါဠိတက္ကသိုလ် မင်္ဂလာဇေယျာ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော်က သာဓုအနုမောဒနာ တရားချီးမြှင့်တော်မူပြီး ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား ဝန်ထမ်းမိသားစုများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လမ်းမတော်မြို့နယ် ပြည်လုံးချမ်းသာ မဟာဝိဇ္ဇူက စေတီတော်မြတ်ကြီး တန်ဆောင်းအတွင်း ဝါဆိုလပြည့်နံနက်က ဝါတွင်းသီလပေးပွဲကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်၊ စေတီတော် စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေအောင်နှင့် အလှူရှင်များက အရှင် ဝိစရဏ (ဓမ္မာစရိယ၊ B.Ed) ပရိယတ္တိ အလယ်တိုက်ကျောင်း သရက်တော ကျောင်းတိုက်၌ ဝါဆိုသင်္ကန်း ကပ်လှူကြစဉ်။ (၁၀၄)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီး ဒေါ်မြင့်မြင့်ကိုတို့အား အမှူးထား၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၉နာရီက နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ နေပြည်တော်လယ်ဝေး တေဇဝက္ကိကမ္မဋ္ဌာန်းရိပ်သာကျောင်းနှင့် ပေတောကုန်းကျောင်းတိုက်တို့မှ ပင့်သံဃာတော် ၁၀ပါး ကြွရောက်တော်မူကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့်ဇနီး ဒေါ်မြင့်မြင့်ကို၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့်ဇနီး ဒေါ်မြသန်း၊ ဌာနအကြီးအကဲများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပေတောကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအိန္ဒြကထံမှ ပရိသတ်များက ငါးပါးသီလ ခံယူတည်ဆောက်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဇနီး ဒေါ်မြင့်မြင့်ကို၊ ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ဇနီး ဒေါ်မြသန်း၊ ဌာနအကြီးအကဲများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပေတောကုန်းကျောင်းတိုက်ဆရာတော်က အနုမောဒနာတရား ဟောကြားတော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၇-၂၀၀၈ ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၅ ၄။ အဆိုပြိုင်ပွဲ
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ တေးဂီတအစီအစဉ်
၈:၁၅ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၂၅ ၈။ အကပဒေသာ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ အတီးပြိုင်ပွဲ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၃၀ ၅။ Treasure from the Earth
၁၃:၁၀ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၃:၂၀ ၇။ **နှစ်မြှာနတ်မိမယ်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-အောင်ကျော်ကျော်)
၁၃:၄၀ ၈။ အဆိုပြိုင်ပွဲ
၁၃:၅၀ ၉။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၄:၁၀ ၁၀။ မူဟန်သွယ်သွယ် ဆိုကြမယ်
၁၄:၁၅ ၁၁။ **ပေါင်ပေါ်ကျတဲ့မီး** ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျှံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)
၁၄:၃၀ ၁၂။ International News
၁၄:၄၀ ၁၃။ အကပြိုင်ပွဲ
၁၄:၅၀ ၁၄။ Local Talent

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အကပြိုင်ပွဲ
၄:၂၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၀ ၅။ ချစ်စရာ့အရွယ် ကစားကြမယ်
၅:၀၅ ၆။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅:၂၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ အဆိုပြိုင်ပွဲ
၆:၄၅ ၁၁။ အလှရှာမယ် လှကမ္ဘာဝယ်
၇:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရွှေမင်းသားလေး ချစ်ပုံပြင်** (အပိုင်း-၁၄)
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **လှူယောင်ဆောင်သော ရွှေငါးနတ်သမီးလေး** (အပိုင်း-၅)

တိပိဋကကျောင်းတော် (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၈

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိ=နိ ရန်ကုန်ဌာန တိပိဋကကျောင်းတော် အမှတ်၁၂/၁၆ စကားဝါလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့တွင် (၂၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (ဝါဆိုလပြည့်ကျော်၃ရက်) ဇူလိုင်၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ တိ=နိ အဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေ များ၊ စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း-၂၂၂၂၇၇၊ ၂၂၂၂၇၈၊ ၂၂၂၂၇၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဇူလိုင် ၁၈ရက်က လှိုင်သာယာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၏ နှစ်စဉ် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ စုပေါင်း ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ကျင်းပရာ သာသနဟိတကျောင်းတိုက် ဆရာတော်ထံ တာဝန်ခံ ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းမြင့်ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် တိပိဋကဓရ စာအောင်သာသနာ့အာဇာနည်များ ချီးကျူးပူဇော်ပွဲကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညို

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ဧည့်ပရိသတ်များ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်၌ ကျင်းပသည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ တိပိဋကဓရ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါးအား ချီးကျူးပူဇော်ပွဲနှင့် သာသနာ့နုဂ္ဂဟအဖွဲ့၏ လှူပုဂ္ဂိုလ်သုံးဦးတို့အား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်၌ကျင်းပသည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ တိပိဋကဓရ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါးတို့အား ချီးကျူးပူဇော်ပွဲနှင့် သာသနာ့နုဂ္ဂဟအဖွဲ့၏ လှူပုဂ္ဂိုလ်သုံးဦးတို့အား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက အဆိုပါစာသင်တိုက်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကာ တိပိဋကဓရ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါးတို့အား အောင်လက်မှတ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ ပဓာနနာယက ဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ဝင်းမြင့်နှင့်ဇနီးဒေါ်ကြင်မြိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သာသနာ့နုဂ္ဂဟအဖွဲ့၏ လှူပုဂ္ဂိုလ်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကျေးဇူးတော်ရှင် မြင်းခြံမြို့ ကိုးဆောင်တိုက်ဆရာတော်ကြီး၏ ဂုဏ်တော်၊ ကျေးဇူးတော်များကို အာရုံပြုရည်မှန်း၍ တစ်မိနစ်ငြိမ်သက်စွာ ပူဇော်ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

ထို့နောက် ပိဋကတ်သုံးပုံနိကာယ်စာသင်တိုက်ကြီး၏ပဓာနနာယကဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဖတ်ကြားပူဇော်

ယင်းနောက် အပူဇော်ခံ တိပိဋကဓရ စာအောင်အရှင်မြတ်နှစ်ပါးတို့၏ ထေရုပ္ပတ္တိအကျဉ်းကို အရှင်ပညိန္ဒက ဖတ်ကြားပူဇော်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ပဓာနနာယကဆရာတော်အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးနှင့်ဇနီး၊တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက ၂၀၀၈ ခုနှစ် အကြိမ်(၆၀) မြောက် နိုင်ငံတော်အစိုးရ၏ တိပိဋကဓရ စာမေးပွဲကြီးတွင် ပိဋကတ်တစ်ပုံဆောင် အရှင်ဇောတိဿရာလင်္ကာရနှင့် အရှင်ကေလာသ အရှင်မြတ်နှစ်ပါးတို့အား အောင်လက်မှတ်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဂုဏ်ပြုလက်မှတ်ပေးအပ်

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က သာသနာ့နုဂ္ဂဟအဖွဲ့၏ လှူပုဂ္ဂိုလ်များဖြစ်ကြသော အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရအဖွဲ့၏ သမားတော်ဦးဘိုကြီး၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရအဖွဲ့၏ သီတဂူဦးနိုင်ဦးနှင့် သုဓမ္မသိင်္ဂီအဖွဲ့၏ဒေါ်ခင်ဆွေဦးတို့အား ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် ပဓာနနာယကဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်ဇနီးနှင့် တာဝန်ရှိသူများက ကျောင်းတိုက်ရှိ သံဃာတော်များအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပုလဲရတနာလမ်းရှိ ပိဋကတ်သုံးပုံ နိကာယ်စာသင်တိုက်၌ ကျင်းပသည့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ တိပိဋကဓရ စာအောင်သာသနာ့အာဇာနည် အရှင်မြတ်နှစ်ပါးအား ချီးကျူးပူဇော်ပွဲနှင့် သာသနာ့နုဂ္ဂဟအဖွဲ့၏ လှူပုဂ္ဂိုလ်သုံးဦးတို့အား ဂုဏ်ပြုလက်မှတ်ချီးမြှင့်ပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်တို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုတို့၏ (၁၅) ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲတွင် ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (နယ်စပ်/စည်ပင်)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်တက်ရောက်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်တို့အား အမှူးထား၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုတို့၏ (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ နံနက် ၉ နာရီ ၄၅ မိနစ်က နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရုံး အမှတ် (၁၄) စုပေါင်းအစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ပျဉ်းမနား မာန်အောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝထံမှ ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် ဝန်ထမ်းမိသားစုများက ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်ဘီမြို့နယ် မြောင်းတကာပင်မဓာတ်အားခွဲရုံနှင့် ကမာနတ်(ပဲခူး)မဟာဓာတ်အားလိုင်း တာဝါတိုင်တည်ဆောက်ခြင်းလုပ်ငန်းများ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၁၈

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၅ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ မြောင်းတကာပင်မဓာတ်အားခွဲရုံသို့ သွားရောက်ပြီး မြောင်းတကာနှင့် ကမာနတ်(ပဲခူး)ဓာတ်အားခွဲရုံမဟာဓာတ်အားလိုင်းတာဝါတိုင်များ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ရွှေတောင်အဝင် ဓာတ်အားလိုင်းများ ချိတ်ဆက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာချုပ် ဦးညိုဝင်းက ကမာနတ်(ပဲခူး)-မြောင်းတကာ မိုင် ၄၀အား တာဝါတိုင် ၁၈၆ တိုင် သတ်မှတ်ဆောင်ရွက်လျက်ရှိမှု၊ တာဝါတိုင် ဖောင်ဒေးရှင်းလုပ်ငန်း ၁၆၂ တိုင် ပြီးစီးမှုနှင့် တိုင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးအောင်ခိုင်နှင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်မောင်စိုးတို့က ကမာနတ်(ပဲခူး)-မြောင်းတကာ မဟာဓာတ်အားလိုင်း တာဝါတိုင် တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းတပ်ဆင်ခြင်းလုပ်ငန်းများတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ကျွမ်းကျင်ဝန်ထမ်းများ၊ ပြည်နယ်နှင့်တိုင်းများမှ လုပ်ငန်းကျွမ်းကျင်လုပ်သားများ အင်အားဖြည့်တင်း၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ တာဝန်ရှိသူများက မိမိတို့အပိုင်းအလိုက် တာဝန်ယူတည်ဆောက်မှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ မြောင်းတကာ ဓာတ်အားခွဲရုံရှိ Switch Yard နှင့် ဓာတ်အားလိုင်းများ အဝင်အထွက် ချိတ်ဆက်သွယ်တန်း ဓာတ်အားပို့လွှတ်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လေဘေးသင့် ပြည်သူများအတွက် ကျန်းမာရေးစွမ်းဆောင်ချက် ဂုဏ်ယူလျက်....

နာဂစ် ဆိုင်ကလုန်းမုန်တိုင်းသည် မြန်မာနိုင်ငံ၌ မေလ ၂ရက်နေ့နှင့် ၃ရက်နေ့များတွင် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များသို့ ဝင်ရောက်တိုက်ခတ်သွားခဲ့သည်။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် လေဘေးသင့် ဒေသနေပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များစွာ ဆုံးရှုံးခဲ့ရသည့်ကြားမှ အသက်ရှင် ကျန်ရစ်သူပြည်သူများအား အသက်ဆုံးရှုံးမှု မရှိစေရန်၊ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဗဟိုကော်မတီဝင် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီး

ဇွန်လ၆ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၊ဆေးရုံကြီးများမှ သမားတော်ကြီးများ၊ အထူးကု ဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်များ၊ သူနာပြုများပါဝင်သော ကွင်းဆင်းကုသရေးအဖွဲ့ဝင်များသည် သင်္ဘောဖြင့် ခရီးထွက်ခွာ၍ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဝါးခယ်မ၊ ဖျာပုံ၊ မြောင်းမြဒေသများရှိ လေဘေးသင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ဝါးတန်းဆိပ်ကမ်း၌ ရောက်ရှိနေရာသို့ သွားရောက် နှုတ်ဆက်ရာ စိတ်အားထက်သန်စွာဖြင့် ရှိနေကြသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ခဲ့ရသည်။

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသရေး အဖွဲ့ဝင်များအား ဆေးရုံအုပ်ကြီးက နှုတ်ဆက်အားပေးကာ ခရီးစဉ်အတွက် စီစဉ်ဆောင်ရွက်ပေးစဉ်။

များသည် မေလ၃ရက်နေ့တွင် နေပြည်တော်၌ အရေးပေါ်အစည်းအဝေးကျင်းပ ပြုလုပ်ပြီး ယင်းနေ့ညနေတွင် ရန်ကုန်မြို့၌ ကွပ်ကဲမှုရုံးဖွင့်၍ လေဘေးသင့် ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနမှလည်း ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲမှုရုံးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၌ ဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။ ပြည်သူ့ကျန်းမာရေး ရောဂါကာကွယ်နှိမ်နင်းရေးဌာနများမှ ဆရာဝန်ကြီးများသည်လည်း ရဟတ်ယာဉ်၊ မော်တော်ယာဉ်၊ သင်္ဘောများဖြင့် ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ဝါးခယ်မ၊ ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြမြို့နယ်များသို့ ကွင်းဆင်းသွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။ အထူးကုဆရာဝန်ကြီးများ၏ ကုသမှု လိုအပ်သော လူနာများကို ရဟတ်ယာဉ်များဖြင့် သယ်ဆောင်၍ ရန်ကုန်ပြည်သူ့ ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြသည်။ လူနာများ၏ လိုအပ်ချက်များကို လည်း ပါမောက္ခ အထူးကုဆရာဝန်ကြီးများက ဂရုတစိုက် ကုသပေးနိုင်ခဲ့ ကြသည်။

တိုင်း၈ ဆေးရုံသင်္ဘော ကျေးရွာများရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့စဉ်။

ဆေးဝါးကုသရေး အဖွဲ့ဝင်များတွင် ငယ်ရွယ်သူ ဆရာဝန်များလည်း ပါရှိရာ ခရီးထွက်ခါနီး အတွေ့အကြုံနည်းသေး၍ မိမိ၏ သားသမီး အရင်းအချာ များကဲ့သို့ စိုးရိမ်ပူပန်စိတ်ဖြင့် သွားရောက်နှုတ်ဆက်ခြင်းဖြစ်ပြီး ငယ်ရွယ် သူများအတွက် ကျန်းမာရေးဂရုစိုက်စေရန် ရာသီဥတုဒဏ်ခံနိုင်ရန်အတွက် ဆိုသည့် စိုးရိမ်ပူပန်စိတ်များဖြင့် "အနွေးထည်တွေ၊ မိုးကာအင်္ကျီတွေ ယူခဲ့ကြ ရဲ့လား၊ ခြင်မကိုက်အောင် ခြင်ထောင်တွေပါရဲ့လား" စသည်ဖြင့် မေးမြန်း မိခဲ့သည်။ဆရာဝန်ငယ်များက "ဆရာကြီး" ကျွန်တော်တို့ လိုအပ်တာတွေ ပြည့်ပြည့်စုံစုံ ယူလာကြပါတယ်၊ ကျွန်တော်တို့ ရည်မှန်းချက်နေရာကို မရောက် ရောက်အောင်သွားပါ့မယ်။ စိတ်ချပါ "ဆရာကြီး" ဆိုပြီး နောက်မဆုတ်တမ်း အရောက်သွားမည်ဆိုသည့် ခိုင်မာသည့်စိတ်ဓာတ်ဖြင့် ပြန်လည်၍ ကတိပြုကာ လူကြီးများ စိတ်ပူပင်သောကကင်းအောင် ပြန်လည်ဖြေကြားပေးခဲ့ကြသော ကြောင့် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပို့ဆောင်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းကာ ဧရာဝတီတိုင်း လေဘေးသင့်ဒေသဖြစ်သည့် လပွတ္တာ၊ ဘိုကလေး၊ ဖျာပုံ မြို့နယ်များရှိ ကျေးရွာများအရောက် သင်္ဘောသုံးစင်းဖြင့် လှည့်လည်ဆေးဝါး ကုသပေးမည့် သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ အထွေထွေ ရောဂါကုဆရာဝန်ကြီးများနှင့် သူနာပြုများအား မေလ ၁၉ ရက်နေ့ နံနက်ပိုင်း ကလည်း ရန်ကုန်မြို့ ဝါးတန်းဆိပ်ခံတံတားမှ မထွက်ခွာမီ သွားရောက် နှုတ်ဆက်ခဲ့ပါသည်။

ဆေးကုသရေးသင်္ဘောသုံးစင်းတွင် ဘိုကလေးမြို့သို့ ထွက်ခွာမည့် တိုင်း၈ သင်္ဘော၊ ဖျာပုံမြို့နယ်သို့ ထွက်ခွာမည့် တတိုင်းမွှေးသင်္ဘောနှင့် လပွတ္တာ မြို့နယ်သို့ထွက်ခွာမည့် ဝေဿန္တရာသင်္ဘောများတွင် သမားတော်ကြီးများ၊

ဒေါက်တာကျော်မြင့်

အထူးကုဆရာဝန်ကြီးများ၊ အထွေထွေရောဂါကုဆရာဝန်များနှင့် အမျိုးသား သူနာပြုများ လိုက်ပါဆောင်ရွက်ခဲ့ကြသည်။ ဇွန်လ၁၁ရက်နေ့ မော်လမြိုင်ကျွန်း မြို့နယ်သို့ ပပဝင်းသင်္ဘောဖြင့် အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုများ ကိုလည်း ထပ်မံဖြည့်ဆည်းပေးခဲ့သည်။

ဆေးရုံသင်္ဘောများတွင် ဆေးကုသရေးတာဝန် ထမ်းဆောင်ခဲ့ကြသော အဖွဲ့ဝင်များ အလှည့်ကျ လဲလှယ်တာဝန်ထမ်းဆောင်ခဲ့ကြသည်မှာ (၁၀) ကြိမ် ရှိခဲ့ပြီဖြစ်သည်။ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ အပါအဝင် စုစုပေါင်းဆရာဝန်၁၇၃ဦးနှင့် သူနာပြု၂၉ဦး ရှိခဲ့ပါသည်။

ဆေးရုံသင်္ဘောများရှိ ဆေးကုသရေးအဖွဲ့များသည် အခြေစိုက်မြို့နယ် အတွင်းသွား၍ရသည့်နေရာအထိ သွားရောက်ဆေးကုသပေးပြီး သင်္ဘောကြီး သွား၍မရသည့် မြစ်ချောင်းနားရှိ ကျေးရွာများသို့ သက်ဆိုင်ရာက စီစဉ်ပေးသည့် သင်္ဘောငယ်များ၊ စက်လှေများဖြင့် ဆက်လက်သွားရောက်ကုသပေးခဲ့ကြသည်။

သင်္ဘောကြီးပေါ်သို့ လာရောက်ဆေးကုသမှုခံယူသူများကို လက်ခံကုသ ပေးပြီး လူနာများထံလည်းရောက်အောင် ဆေးကုသပေးမှာဖြစ်သည်ဆိုသည့် အပြန်အလှန်သဘော ဆောင်ရွက်ခြင်းဖြစ်သည်။ ဧရာဝတီတိုင်း၏ ရေမြေ

သဘာဝအရ မြစ်ချောင်း၊ အင်းအိုင်ပေါသည့်အ... ရှိသည့် အချို့ကျေးရွာများမှ ပြည်သူများက မြို့... ဌာနများ၊ ဆေးကာကွယ်ပေးရေးစခန်းများသို့ ... ရှိနိုင်သည့်အတွက် နယ်လှည့်ဆေးကုသရေးအဖွဲ့... ပေးခြင်း ဖြစ်ပါသည်။

တိုင်းရင်းဆေးပညာ ဦးစီးဌာနကလည်း ... တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးကုသရေးအဖွဲ့... ဝင်းထွန်း ဆေးရုံသင်္ဘောဖြင့် ပုသိမ်မြို့မှ စတင်... ကျေးရွာ ၂၁ရွာသို့ လှည့်လည်ပြီး စက်လှေ၊ လှေ... ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွ...

ရန်ကုန်မြို့ပေါ်ရှိဆေးရုံကြီးများမှ အထူးကု ... ကုသရေးအဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ကော့မှူး... ဆေးခန်းဖွင့်လှစ်၍ ထိခိုက်ဒဏ်ရာရလူနာများ၊ မ... ဆေးကုသပေးခြင်းနှင့် ကူးစက်ရောဂါများ ဖြစ်ပွား... ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသ...

ထို့အပြင် ကွမ်းခြံကုန်းမြို့နယ်ဆေးရုံတွင်... များ ကွင်းဆင်းကုသရေးအဖွဲ့ဝင်များက ဆေး... စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြ... ဝန်ထမ်းများ ပါဝင်သော ကျန်းမာရေးစောင့်ရှော... မြို့ဆင်ခြေဖုံးရပ်ကွက်များနှင့် ကျေးရွာများတွင်... ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်...

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ... စုရပ်အဖြစ်ထားကာ ကွင်းဆင်းကုသရေးအဖွဲ့ဝင်မျာ... ခရီးစတင်မထွက်ခွာမီအချိန်တွင် မော်တော်ယာဉ်မှ... ရေးမှူးချုပ်(ကုသရေး)မှာလည်း အဖွဲ့ဝင်များ ... မရှိစေရန်နှင့် ခက်ခဲမှုမရှိစေရန် စီစဉ်ဖြည့်ဆ...

အလုပ်သင်ဆရာဝန်များ ကွမ်းခြံကုန်း... ကျေးရွာ၌ ကျေးရွာပြည်သူများအား ကျန်းမာ...

ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ လေဘေးသ... ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ... ဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးတပ် တပ်... အရာခံ၊ အကြပ်တပ်သားများနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ ... သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြု... အသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပြည်တွင်းလူမှုရေး ... များ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင် ... အဖွဲ့များလည်း ကွင်းဆင်း၍ တစ်တပ်တစ်အား ပူးပေါင်းဆေ... ခဲ့ကြသည်မှာ အားရကျေနပ်ဖွယ် ကောင်းလှပါသည်။

19-7 (8-9).pmd 1 7/20/2008, 2:06 AM

ကျန်းမာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့်အတူ လေဘေးသင့်ဒေသနေ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဆေးတပ် တပ်ဖွဲ့ဝင်အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ ပြည်တွင်းလူမှုရေး အသင်းအဖွဲ့များ၊ နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်ဆေးကုရေးအဖွဲ့များလည်း ကွင်းဆင်း၍ တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည်မှာ အားရကျေနပ်ဖွယ် ကောင်းလှပါသည်။

နိုင်ငံတကာ ဆေးကုသရေးအဖွဲ့ဝင်များသည် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ကာ မြန်မာနိုင်ငံရှိ လေဘေးသင့်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သတ်မှတ်ဒေသအသီးသီးတွင် ဆောင်ရွက်ပံ့ပိုးပေးခဲ့ကြသည့် လူမှုရေးစွမ်းဆောင်ချက်နှင့် ကူညီမှုစိတ်ဓာတ်များကိုလည်း လေးစားမိပါသည်။

အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုယ်ကျိုးစွန့်၍ အချိန်ပြည့်ဆောင်ရွက်ခဲ့ကြသည့် စခန်းအသီးသီး၌ တာဝန်ထမ်းဆောင်ခဲ့ကြသူများ၊ ဆေးရုံသင်္ဘောများဖြင့် ကုသရေးဆောင်ရွက်ခဲ့ကြသူများ၊ ကွင်းဆင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ကျန်းမာရေးဝန်ထမ်းများ၏ စိတ်ဓာတ်၊ စေတနာနှင့် စွမ်းဆောင်ချက်များအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ။

သဘာဝအရ မြစ်ချောင်း၊ အင်းအိုင်ပေါသည့်အတွက် မြစ်ချောင်းနားတွင် ရှိသည့် အချို့ကျေးရွာများမှ ပြည်သူများက မြို့နယ်ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ ဆေးကာကွယ်ပေးရေးစခန်းများသို့ သွားရောက်ရန် အခက်အခဲရှိနိုင်သည့်အတွက် နယ်လှည့်ဆေးကုသရေးအဖွဲ့မျိုးစုံဖြင့် သွားရောက်ကုသပေးခြင်း ဖြစ်ပါသည်။

တိုင်းရင်းဆေးပညာ ဦးစီးဌာနကလည်း တစ်တပ်တစ်အားအနေဖြင့် တိုင်းရင်းဆေးနှင့် အနောက်တိုင်းဆေးကုသရေးအဖွဲ့ဝင်များပါဝင်သည့် တက်နေဝင်းထွန်း ဆေးရုံသင်္ဘောဖြင့် ပုသိမ်မြို့မှ စတင်ထွက်ခွာ၍ ငပုတောမြို့နယ်ရှိ ကျေးရွာ ၂၁ရွာသို့ လှည့်လည်ပြီး စက်လှေ၊ လှေများကို တစ်ဆင့်အသုံးပြုကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ကြပါသည်။

ရန်ကုန်မြို့ပေါ်ရှိဆေးရုံကြီးများမှ အထူးကု ဆရာဝန်ကြီးများ ကွင်းဆင်းကုသရေးအဖွဲ့ဝင်များသည် ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးခန်းဖွင့်လှစ်၍ ထိခိုက်ဒဏ်ရာရလူနာများ၊ မကျန်းမာသည့် လူနာများအား ဆေးကုသပေးခြင်းနှင့် ကူးစက်ရောဂါများ ဖြစ်ပွားကူးစက်မှုမရှိအောင် ကာကွယ်ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။

ထို့အပြင် ကွမ်းခြံကုန်းမြို့နယ်ဆေးရုံတွင်လည်း အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသရေးအဖွဲ့ဝင်များက ဆေးခန်းဖွင့်လှစ်ကာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ မြို့နယ်အခြေခံဝန်ထမ်းများ ပါဝင်သော ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့များသည်လည်း မြို့ဆင်ခြေဖုံးရပ်ကွက်များနှင့် ကျေးရွာများတွင် ဆေးခန်းများဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာအထူးကုဌာနကို စုရပ်အဖြစ်ထားကာ ကွင်းဆင်းကုသရေးအဖွဲ့ဝင်များ ကွင်းဆင်းကုသရန်အတွက် ခရီးစတင်မထွက်ခွာမီအချိန်တွင် မော်တော်ယာဉ်များပေါ်၌ ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ကုသရေး)မှာလည်း အဖွဲ့ဝင်များ လုပ်ငန်းတာဝန် လစ်ဟင်းမှုမရှိစေရန်နှင့် ခက်ခဲမှုမရှိစေရန် စီစဉ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အလုပ်သင်ဆရာဝန်များ ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအရှေ့ကျေးရွာ၌ ကျေးရွာပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးစဉ်။

ဆေးရုံအုပ်ကြီးကလည်း ခရီးထွက်ခွာမည့် အဖွဲ့ဝင်များအား မိခင်ကြီးတစ်ဦးသဖွယ် အားပေးနှုတ်ဆက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရာ အလွန်ပီတိဖြစ်မိပါသည်။

အလားတူ ရန်ကုန်တိုင်းအတွင်း ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဆေးရုံကြီးများမှ ပါမောက္ခများဦးဆောင်သော ကွင်းဆင်းကုသရေးအဖွဲ့ဝင်များသည်လည်း လေဘေးဒဏ်ခံခဲ့ရသည့် ကော့မှူး၊ ကွမ်းခြံကုန်း၊ တွံတေး၊ ကျောက်တန်း၊ သုံးခွမြို့နယ်များသို့ကွင်းဆင်းသွားရောက်ကာ ပြည်သူများအားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းမပြတ်စေရန် ဆောင်ရွက်ခဲ့ကြသည်။

ထို့အပြင် ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့်ဒေသမြို့နယ်များတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်နှင့် ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ အလုပ်သင်ဆရာဝန် ၁၀၀ကိုလည်း သင်ကြားရေးဆရာများ ဦးဆောင်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများ၏ကြီးကြပ်မှုဖြင့် ကျေးလက်ဒေသ အရောက် ဆေးခန်းများဖွင့်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပါဝင်အားဖြည့် ဆောင်ရွက်စေခဲ့ပါသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဧရာဝတီတိုင်းအတွင်း ပြင်စလူမြို့နယ် အပါအဝင် ဒေသ ၁၂ခု၌ ရှေ့တန်းဆေးကုသရေးဆေးခန်းများ ဖွင့်လှစ်ကုသပေးလျက်ရှိရာ ပြင်စလူဆေးကုသခန်းတွင် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ စာတန်းအပြာရောင် ချိတ်ဆွဲထားလျက်ရှိသည့် ဆေးခန်းကို နံနက်မှညနေအထိဖွင့်လှစ်ကာ မုန်တိုင်းဒဏ်ကြောင့် ဒဏ်ရာရလူနာများ၊ နာမကျန်းဖြစ်သူများအား မမောနိုင်မပန်းနိုင် ဆေးကုသပေးနေသည့် တာဝန်ခံဆရာဝန်နှင့် အလားတူ ပြင်ခရိုင်၊ သင်္ကန်းကုန်း၊ စလူဆိပ်၊ သိပ္ပံကုန်းကြီး၊ လှိုင်းဘုန်း၊ ပိုးလောင်း၊ ကွင်းပေါက်၊ ကြိမ်ချောင်း၊ စက်ဆန်း၊ ကဒုံကနိ၊ ကျုံဒါး ရှေ့တန်းစခန်းများမှ ဆေးခန်းတာဝန်ခံဆရာဝန်တို့ကို တွေ့မြင်ရသည့်အခါ သူတို့၏စိတ်ဓာတ်မြင့်မားမှုကို အထူးလေးစား ဂုဏ်ယူမိပါသည်။

ပြည်သူ့ကျန်းမာရေးနှင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်နေကြသည့် ဆရာဝန်ကြီးများကလည်း လေဘေးသင့်ကယ်ဆယ်ရေးစခန်းများနှင့် မြို့နယ်များ၌ ကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခြင်း၊ ဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ သောက်သုံးရေများကို ကလိုရင်းဆေးခတ်ပေးခြင်း၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲစေခြင်း၊ လေဘေးသင့်ဒေသ မြို့နယ်လုံးကျွတ် ကိုယ်ဝန်ဆောင် မိခင်များ၊ ၁၅နှစ်အောက် ကလေးငယ်များအား ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ငါးနှစ်အောက်ကလေးငယ်များအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ အခြေခံကျန်းမာရေးဝန်ထမ်းတက္ကသိုလ် နောက်ဆုံးနှစ်မှ ကျန်းမာရေးမှူးသင်တန်းသား ၇၃ဦးကလည်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပါဝင်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

နှုတ်ဆက်

အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာနရှေ့ စုရပ်ရှိ မော်တော်ယာဉ်ပေါ်၌ ဒုတိယညွှန်ကြားရေးမှူးချုပ်က နှုတ်ဆက်စဉ်။

ဆေးကုသပေး

အထူးကုဆရာဝန်ကြီးများအဖွဲ့မှ လေဘေးသင့် ပြည်သူများအား ဤသို့ ဆေးကုသပေးခဲ့ကြသည်။

တိုင်းရင်းဆေး ကုသရေး ဆေးရုံသင်္ဘော

တိုင်းရင်းဆေးကုသရေး တက်နေဝင်းထွန်း ဆေးရုံသင်္ဘော ပုသိမ်မြို့ ဆိပ်ကမ်းမှ ထွက်ခွာစဉ်။

နှ်ထမ်းများနှင့်အတူ လေဘေးသင့် ဒေသနေ
ာင့်ရှောက်မှုလုပ်ငန်းများကို ကာကွယ်ရေး
ကြားရေးမှူးရုံးမှ ဆေးတပ် တပ်ဖွဲ့ဝင်အရာရှိ၊
မြန်မာနိုင်ငံ ဆရာဝန်အသင်း၊ မြန်မာနိုင်ငံ
သင်း၊ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွား
နီအသင်း၊ ပြည်တွင်းလူမှုရေး အသင်းအဖွဲ့
ဖွဲ့အစည်းများနှင့် စေတနာရှင် ဆေးကုရေး
စ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်ပေး
ယ် ကောင်းလှပါသည်။

စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနဝန်ထမ်းမိသားစုများ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၈

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာနှင့် ဇနီးဒေါ်ကြူကြူဝင်းတို့အား အမှူးထား၍ ဝန်ထမ်းမိသားစုများ၏ ဒုတိယ အကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲကို ယမန်နေ့က နေပြည်တော်ရှိ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်ပျဉ်းမနား လယ်တီအောင်မင်္ဂလာကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ သံဝရထံမှ ဝန်ကြီးဦးစိုးသာ၊ ဇနီးဒေါ်ကြူကြူဝင်းနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွား သရဇ္ဈာယ်တော်မူကြပြီး ဝန်ကြီးနှင့်ဇနီး၊ ဒုတိယဝန်ကြီးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။(**အပေါ်ပုံ**)

ဆွမ်းဆက်ကပ်

ယင်းနောက် နေပြည်တော်ပျဉ်းမနား မစိုးရိမ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ရေဝတထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

HTOO Trading Co.,Ltd. နှင့် Air Bagan Co.,Ltd. မှ ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် ဆောက်လုပ်လှူဒါန်းထားသည့် အိမ်များကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

လေဘေးသင့် ဧရာဝတီတိုင်းတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဇူလိုင် ၁၈

လေဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့် ဧရာဝတီတိုင်း ဘိုကလေးမြို့နှင့်ကျေးရွာများ ပြန်လည်ထူထောင်ရေးအတွက် HTOO Trading Co.,Ltd နှင့် Air Bagan Co.,Ltd.တို့မှဝန်ထမ်းများသည် မေလကတည်းက ဘိုကလေးမြို့တွင် အခြေချနေထိုင်၍ မုန်တိုင်းသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင်လဆန်းပိုင်းအထိ ဘိုကလေးမြို့နယ်အတွင်း ပြည်သူ့ဆေးရုံ တစ်ရုံ၊ အခြေခံပညာကျောင်း ခုနစ်ကျောင်း၊ ဌာနဆိုင်ရာရုံးခုနစ်ရုံး၊ သာသနိကအဆောက်အအုံ ၅၂လုံး၊ ယာယီစာသင်ကျောင်း ၁၀၄ကျောင်း၊ ကျေးလက်ဆေးပေးခန်း ၁၆ခု၊ ရေသန့်စက်ရုံတစ်ခု၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တံတားတစ်စင်း၊ ဆိပ်ခံဇောတံတား တစ်စင်းနှင့် ကျေးလက်အိမ် ၆၈လုံးတို့ကို ပြန်လည်ပြုပြင် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ပံ့ပိုးလှူဒါန်းခဲ့

ထို့ပြင် HTOO Trading Co.,Ltd.နှင့် Air Bagan Co.,Ltd.သည် မုန်တိုင်းဒဏ်ခံစားခဲ့ရသောနေရာဒေသအသီးသီးသို့လည်း ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခဲ့ရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီသို့ ငွေကျပ်သိန်း ၃၀၀၀၊ ဧရာဝတီတိုင်း ငပုတောမြို့နယ်သို့ ငွေကျပ်သိန်း ၁၂၀၀၊ ဘိုကလေး မြို့နယ်သို့ ငွေကျပ်သိန်း ၁၀၀၀၊ ဆီ၊ ဆန်နှင့်မျိုးစပါးများ၊ ဖျာပုံမြို့နယ်သို့ ငွေကျပ်သိန်း ၁၀၀၀နှင့် ဆန်၊ ဆီများ၊ ရန်ကုန်တိုင်း သန်လျင်မြို့နယ်သို့ ငွေကျပ်သိန်း ၁၀၀၀၊ လှိုင်မြို့နယ်၊ ကမာရွတ်မြို့နယ်နှင့် သာကေတမြို့နယ်များသို့ ဆန်နှင့်ဆီများ ပံ့ပိုးလှူဒါန်းခဲ့သည်။

အခမဲ့ပို့ဆောင်ပေး

HTOO Trading Co.,Ltd.နှင့် Air Bagan Co.,Ltd. သည် မုန်တိုင်းဒဏ်ခံပြည်သူများအတွက် ပျက်စီးဆုံးရှုံးမှုများအား ပြန်လည်ပြုပြင် တည်ဆောက်ပေးခြင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ အလှူငွေ၊ ဆန်၊ ဆီတို့အား လှူဒါန်းပေးခြင်း၊ ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသောပစ္စည်းများအား ကုမ္ပဏီပိုင် Air-Bagan လေကြောင်း၊ သင်္ဘော၊ မော်တော်ယာဉ်များအသုံးပြု၍ အခမဲ့ပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ကုသမှုများနှင့် ဆေးဝါးများလှူဒါန်းခြင်း၊ ရေသန့်စက်ရုံတည်ဆောက်၍ ဘိုကလေးမြို့နယ်နှင့် ကျေးရွာများသို့ လှူဒါန်းပေးခြင်းများနှင့် လယ်ယာသုံးစက်ပစ္စည်းများအား ပံ့ပိုးလှူဒါန်းခြင်းများ ပြုလုပ်ခဲ့သည်။

ဆက်လက်၍လည်း ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာတွင် Cyclone Shulter မုန်တိုင်းဒဏ်ခံအဆောက်အအုံနှင့် အလယ်တန်းစာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပိုးလောက်လမ်း နှိမ်နင်းရေး နှိုးဆော်ချက်

၁။ ပိုးလောက်လမ်းနှိမ်နင်းရေးသည် သွေးလွန်တုပ်ကွေးကပ်ရောဂါကို ထိန်းချုပ်ရာ၌ အဓိကလုပ်ငန်းဖြစ်ပါသည်။

၂။ ပိုးလောက်လမ်းကိုထိရောက်စွာနှိမ်နင်းနိုင်ရေးအတွက် အောက်ပါ အချက်(၃)ချက်နှင့် ပြည့်စုံရပါမည်-

(က) ခြင်ပေါက်ပွားနိုင်သော ရေစည်ရေအိုးနှင့် ရေတင်ကျန်နိုင်သော ပစ္စည်းများတွင် ပေါက်ပွားနေသော ပိုးလောက်လမ်းအားလုံးကင်းရှင်းရန်၊

(ခ) ရပ်ကွက်ကျေးရွာအတွင်းရှိ အိမ်၊ ကျောင်း၊ လူနေအဆောက်အအုံအားလုံးမှာ ပိုးလောက်လမ်းကင်းစင်ရန်၊

(ဂ) မိသားစုတိုင်းနှင့်ရပ်ရွာလူထုမှ ပိုးလောက်လမ်းနှိမ်နင်းမှုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း၊ တစ်ပတ်တစ်ကြိမ် ပုံမှန်ဆောင်ရွက်ရန်။

၃။ ကလေးငယ်များ သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရန် မိမိတို့နေအိမ်နှင့်ပတ်ဝန်းကျင်တွင် ပိုးလောက်လမ်းကင်းစင်အောင် ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့အလင်း လိုတိုရှင်း သတင်းများ

ချောက်မြို့နယ် အေးစေတီလမ်းပေါ် တံတားနှစ်စင်းဆောက်လုပ်

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော အေးစေတီလမ်းပေါ်တွင် အုတ်ခုံခံသံကူကွန်ကရစ် တံတားနှစ်စင်းဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၃ရက်က ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မိုးသွင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့သည်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့တွင် ခေါင်းလောင်းတီး အမှိုက်သိမ်းဆောင်ရွက်

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို စိမ်းလန်းစိုပြည်ပြီး သန့်ရှင်းသပ်ရပ် သာယာလှပသော မြို့တော်ဖြစ်စေရန်အတွက် စည်ပင်သာယာဝန်ထမ်းများဖြင့် ပြည်ထောင်စုလမ်း၊ သခင်နက်ဖေလမ်း၊ ဇော်ဂျွန်းလမ်း၊ မဟာဗန္ဓုလလမ်း၊ အောင်ဆန်းလမ်း ဝဲယာရှိ ရပ်ကွက်များသို့ ခေါင်းလောင်းတီး အမှိုက်သိမ်းဆည်းခြင်းလုပ်ငန်းကို နေ့စဉ် ဆောင်ရွက်လျက်ရှိရာ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် ဦးစီးအရာရှိ ဦးဂျွန်စယ်တို့က ကွင်းဆင်းဆောင်ရွက်ပေးသည်။ **(မြို့နယ်စည်ပင်)**

နွားထိုးကြီး၌ စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်း

နွားထိုးကြီးမြို့နယ် စိုက်ပျိုးရေးလုပ်ငန်း ညှိနှိုင်းမှုကော်မတီလုပ်ငန်းအစည်းအဝေးကို ဇွန် ၁၉ ရက်က စပေါင်းရုံးတွင်ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးမျိုးတင့်ဇော်၊ အတွင်းရေးမှူး ဦးရဲမြင့်အောင်နှင့် မြို့နယ်အဆင့် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီဝင်များဖြစ်ကြသည့် စိုက်ပျိုးရေး၊ မြေစာရင်း၊ ဆည်မြောင်း၊သစ်တော၊ ဝါလုပ်ငန်း၊ စက်မှုလယ်ယာနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများတက်ရောက်ကြပြီး မိုးစပါးစိုက်ဧက လျာထားချက်ထက်ကျော်လွန်အောင်စိုက်ပျိုးရေး၊ မိုးသီးနှံစိုက်ဧကမှန်ကန်ရေး၊ ကြက်ဆူပင်များ စိုက်ပျိုးရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးကြသည်။ *(၀၉၂)*

မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းဝေး

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့အလုပ်အမှုဆောင်၏ လုပ်ငန်းဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၈ ရက်က မိုးညှင်းမြို့ အောင်သပြေသုတ အလင်းစာကြည့်တိုက်၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင် (မိုးအောင်-ကချင်မြေ)က ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ (၀၀၂)

ရှင်ဗွေယန်၌ ပန်းအလှပင်များ ပြုစုပျိုးထောင်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ရှင်ဗွေယန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် မြို့နယ်တာဝန်ခံ ဦးဆန်းအောင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဇူလိုင် ၃ရက်က အဖွဲ့ပိုင်ပျိုးခြံအတွင်း မြို့သာယာလှရေးလုပ်ငန်းများတွင် အသုံးပြုမည့် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပြုစုပျိုးထောင်ခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းများ ဆောင်ရွက်ကြသည်။ *(၀၀၁)*

နောင်မွန်မြို့နယ် လင်းစာကြည့်တိုက် အဆောက်အအုံဖွင့်

ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကွမ်လင်းကျေးရွာ လင်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၅ရက် မွန်းလွဲ ၁နာရီက အဆိုပါ စာကြည့်တိုက်၌ကျင်းပရာ အခမ်းအနားတွင် ဒုတိယဦးစီးမှူး ဦးဖုန်ဇီးဒီးက စာကြည့်တိုက် ရေရှည်ရှင်သန်ခိုင်မာရေးလုပ်ငန်းများကို ရှင်းလင်းဟောပြောဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာ ဥက္ကဋ္ဌ ဦးဖောယော်တို့က လင်းစာကြည့်တိုက်၏ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

သွေးလွန်တုပ်ကွေးကာကွယ်ရေး ခြင်ဆေးဖျန်း

မန္တလေးချမ်းအေးသာစံမြို့နယ်စိတ္တရမဟီရပ် ပြည်တော်သာ တိုက်တန်းဝင်းအတွင်း၌ ဇွန် ၁၈ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များက ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။ *(၁၆၂)*

ကျေးရွာစာကြည့်တိုက်များ အဆောက်အအုံရရှိရေး ဆွေးနွေး

ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေသည် မင်းပြားမြို့နယ်ရုံးသို့ ဇွန် ၁၆ရက်က ရောက်ရှိကာ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကျေးရွာစာကြည့်တိုက် အဆောက်အအုံ ရရှိရေးနှင့် စာအုပ်စာစောင် တိုးပွားရေးအတွက် ရှင်းလင်းဆွေးနွေးမှာကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေတိုးချဲ့ဖြန့်ဝေနိုင်ရေး ဟားခါး၌ ရေပိုက်လိုင်းသွယ်တန်း

ဟားခါးမြို့တွင် မကြာမီဖွင့်လှစ်မည့် စက်မှုလက်မှုသိပ္ပံတွင် အသုံးပြုနိုင်ရန်လိုအပ်သော ရေလုံလောက်စွာရရှိရေးနှင့် မြို့သစ်ရပ်ကွက် ရေတိုးချဲ့ ဖြန့်ဝေနိုင်ရေးအတွက် ရေပိုက်လိုင်းသစ် သွယ်တန်းခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၃) ဦးဘွဲ့ဇာလျန်နှင့် ဝန်ထမ်းများ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၆ရက် နံနက်ပိုင်းက မြို့နယ်အမှုဆောင်အရာရှိ ဦးတမ်အောင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ *(ပြည်နယ် ပြန်/ဆက်)*

ပခုက္ကူအထက(၁) မိဘဆရာအသင်း စည်းဝေး

၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပခုက္ကူမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့် ၂၀၀၈ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၁၂ရက် နံနက် ၈နာရီက အဆိုပါကျောင်း ပညာရတနာခန်းမ၌ကျင်းပရာ သဘာပတိဦးတင့်ဆွေ၊ကျောင်းအုပ်ဆရာမကြီးဒေါ်မြဝင်းတို့က အမှာစကားပြောကြားပြီး ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် မိဘဆရာအသင်း အလုပ်အမှုဆောင်သစ်များကို ရွေးချယ်ကာ ပညာရည်ချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။ (၀၇၀)

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပွဲတော်

အောင်ပွဲဆင်နိုင်ရေး လေ့ကျင့်နေသော တရုတ်ဘောလုံးအသင်း

ပေကျင်း ဇူလိုင် ၁၈

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ကျင်းပမယ့်ရက် နီးကပ်လာတာနဲ့အမျှ တရုတ်နိုင်ငံကိုယ်စားပြု အားကစားသမားတွေရဲ့ လေ့ကျင့်ပြင်ဆင်မှုတွေလည်း အရှိန်အဟုန် မြင့်လာနေကြတာမို့ တရုတ်အိုလံပစ်ပွဲတော်မှာ ပါဝင်ဆင်နွှဲမယ့် အမျိုးသားဘောလုံးအသင်းရဲ့ အနေအထားကို ဖော်ပြလိုက်ပါတယ်။

နည်းပြဒူကိုဗစ် တရုတ်အိုလံပစ်အမျိုးသား ဘောလုံးအသင်းသားများအား သင်ကြားလေ့ကျင့်ပေးနေစဉ်။ (ဆင်ဟွာ ဓာတ်ပုံ)

ပြောကြား

၂၀၀၈ ပေကျင်းအိုလံပစ်ပြိုင်ပွဲ ဝင်မယ့် အိမ်ရှင် တရုတ်အမျိုးသား ဘောလုံးအသင်းကို နည်းပြအဖြစ် တာဝန်ယူပေးနေသူကတော့ ဆားဘီးယားနိုင်ငံသား ရာတိုမီရာဒူကိုဗစ်ပဲဖြစ်ပါတယ်။ အသက် ၅၆နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဒူကိုဗစ်ဟာ အရင်က ဗင်နီဇွဲလား၊ ရဝမ်ဒါနဲ့ မြန်မာဘောလုံးအသင်းတွေကို နည်းပြအဖြစ် ကိုင်တွယ်ခဲ့ဖူးသူဖြစ်ပါတယ်။ သူ့ရဲ့ အမြင့်ဆုံး အောင်မြင်မှုကတော့ ၂၀၀၄ ခုနှစ်မှာ ရဝမ်ဒါအသင်းကို အာဖရိကဖလား နောက်ဆုံး ဗိုလ်လုပွဲအထိရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။ တရုတ်ဘောလုံးသမားတွေဟာ အရည်အချင်း ပြည့်မီသူတွေဖြစ်တာမို့ ၂၀၀၈ ပေကျင်း အိုလံပစ်မှာ အောင်ပွဲရယူနိုင်တဲ့ သူတွေအဖြစ် မြင်တွေ့ရမှာပါလို့တော့ ပြောကြားနေပါတယ်။

နောက်တန်း ဗဟိုခံစစ်မှူး လီဝေဖန်

နည်းပြဒူကိုဗစ်ဟာ ပြီးခဲ့တဲ့ ၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ဂါနာအသင်းကို နောက်ဆုံး ၁၆သင်းအဆင့် တက်ရောက်နိုင်အောင်လည်း ကြိုးစားပေးခဲ့သူမို့ ဒီအတွေ့အကြုံကောင်းတွေနဲ့ တရုတ်ဘောလုံးအသင်းကို ၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်မှာ အောင်မြင်မှုတွေ ရယူပေးနိုင်အောင် ကြိုးစားပေးနေသူ ဖြစ်ပါတယ်။ လောလောဆယ်မှာ တရုတ်နိုင်ငံ ဟေနန် ပြည်နယ်မှာရှိတဲ့ ဟိုင်ကို့မြို့မှာ တရုတ် ဘောလုံးအသင်း လေ့ကျင့်ခန်းတွေ ပြုလုပ်နေပါတယ်။

စွမ်းဆောင်

တရုတ်လက်ရွေးစင်အသင်းမှာအဓိက အားထားရမယ့် ကစားသမားတွေကတော့ ကွင်းလယ်ကစားသမား ကျန်ကျီ၊ နောက်တန်းဗဟိုခံစစ်မှူး လီဝေဖန်နဲ့ တိုက်စစ်မှူး ဟန်ပင်းတို့ပဲ ဖြစ်ပါတယ်။ အဲဒီဘောလုံးသမားတွေကို အခြေပြုပြီး အိုလံပစ်မှာ နိုင်ပွဲတွေရအောင် စွမ်းဆောင်သွားမှာ ဖြစ်ပါတယ်။

တရုတ်အသင်းမှာအဓိကကစားသမားဖြစ်တဲ့ ကျန်ကျီဟာ အင်္ဂလိပ်ကလပ်ချာလ်တန်အသင်းမှာ ကစားနေသူဖြစ်ပြီး ဇူလိုင်၁၄ရက်က မလေးရှားနဲ့ ခြေစမ်းပွဲကစားတဲ့ပွဲမှာ ခြေစွမ်းပြနိုင်ခဲ့ပေမယ့် ခြေထောက် ဒဏ်ရာရရှိခဲ့တာမို့ နည်းပြဒူကိုဗစ် ရင်လေးနေရပါတယ်။ အဲဒီခြေစမ်းပွဲမှာ တရုတ်အသင်းက မလေးရှားကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပေမယ့် နည်းစနစ်ပိုင်း လိုအပ်ချက်တွေ ရှိနေသေးတယ်လို့ နည်းပြ ဒူကိုဗစ်က ပြောကြားနေပါတယ်။

တရုတ်ဘောလုံးအသင်းခေါင်းဆောင် ကျန်ကျီ

လေ့ကျင့်

၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်၌ ရွှေတံဆိပ်ရယူရေးကြိုးစားနေသော တရုတ်အမျိုးသား ဘောလုံးအသင်း လေ့ကျင့်မှုကို ဇူလိုင် ၁၈ရက်က တွေ့ရစဉ်။ (ဆင်ဟွာ ဓာတ်ပုံ)

ဒါပေမယ့် တရုတ်ဘောလုံးအသင်း ခေါင်းဆောင်ဖြစ်တဲ့ ကျန်ကျီရဲ့ ခြေထောက်ဒဏ်ရာဟာ လက်ရှိအနေအထားက ကောင်းမွန်လာတာမို့ ၂၀၀၈ ပေကျင်း အိုလံပစ်ပွဲတော်မှာတော့ ရာနှုန်းပြည့် ခြေစွမ်းပြနိုင်မယ်လို့ ပရိသတ်တွေက မျှော်လင့်နေကြပါတယ်။ ကျန်ကျီဟာ နောက်တန်းကို ဆင်းကူပေးနိုင်သလို ကွင်းလယ်ကစားကွက်ကို ထိန်းချုပ်ကစားနိုင်သူ ဖြစ်ပါတယ်။ ဒါ့အပြင် တိုက်စစ်ကို ပံ့ပိုးပေးနိုင်ခဲ့ပြီး ကိုယ်တိုင်လည်း ဂိုးသွင်းနိုင်သူဖြစ်တာမို့ တရုတ်အိုလံပစ် ဘောလုံးအသင်းမှာတော့တကယ့်ကိုအားထားရမယ့် ဘောလုံးသမားတစ်ဦး ဖြစ်ပါတယ်။

ဟန့်တားနိုင်သူ

နောက်တန်းခံစစ်မှူး လီဝေဖန်ကတော့ အသက် ၂၄နှစ်အရွယ်ရှိပြီး ဗဟိုခံစစ်မှူးအဖြစ် တာဝန်ယူပေးမှာဖြစ်ပေမယ့် လိုအပ်ရင် ဂိုးသွင်းနိုင်သူဖြစ်ပါတယ်။ လီဝေဖန်ဟာ အမှားအယွင်း နည်းနည်းနဲ့ ကစားတတ်သူဖြစ်တဲ့အပြင် တစ်ဖက်အသင်းတိုက်စစ်မှူးတွေကို အနေအထား အမျိုးမျိုးနဲ့ ဟန့်တားနိုင်သူဖြစ်ပါတယ်။

လီဝေဖန်ရဲ့ကစားမှုကို အင်္ဂလိပ်ပရီမီယာလိဂ်အသင်းတွေက စိတ်ဝင်စားနေတာမို့ ကင်းထောက်တွေစေလွှတ်ပြီး စောင့်ကြည့်နေတယ်လို့ ဆိုပါတယ်။

အသက်၂၂နှစ်သာ ရှိသေးတဲ့ လူငယ်တိုက်စစ်မှူး ဟန်ပင်းကတော့ အနာဂတ် တရုတ်ဘောလုံးအသင်းရဲ့ ကြယ်ပွင့်သစ်တစ်ဦးပါပဲ။ အသက်ငယ်ပေမယ့် တစ်ဖက်အသင်း ခံစစ်မှူးတွေကို အနေအထား အမျိုးမျိုးနဲ့ ကျော်ဖြတ်နိုင်သူ ဖြစ်ပါတယ်။ အပြေးလည်းသန်ပြီး တစ်ရှိန်ထိုး တိုက်စစ်ဆင်နိုင်တဲ့အတွက် ထိန်းချုပ်ရခက်ခဲတဲ့

တိုက်စစ်မှူးတစ်ဦးအဖြစ် နာမည်ကြီးနေသူ ဖြစ်ပါတယ်။

တရုတ် ဘောလုံးအသင်းတိုက်စစ်မှူးတွေအဖြစ် ရွေးချယ်ထားတဲ့သူတွေကတော့ မန်ယူလူငယ်အသင်းမှာ ကစားနေတဲ့ ဒေါင်ဖန်ဇူးနဲ့ဂေါင်လင်းတို့လည်း ပါဝင်နေတာမို့ မြိုင်မြိုင်ဆိုင်ဆိုင်တော့ ရှိနေပါတယ်။ တရုတ်အသင်းက အိုလံပစ်အကြိုခြေစမ်းပွဲအဖြစ် ဇူလိုင်၂၀ရက် **(မနက်ဖြန်)**မှာ သြစတြေးလျအသင်းနဲ့ ကစားဦးမှာဖြစ်ပါတယ်။

စောင့်ကြည့်

တရုတ်အိုလံပစ် ဘောလုံးအသင်းဟာ အုပ်စု(ဂ)မှာ ဘရာဇီး၊ နယူးဇီလန်၊ ဘယ်လ်ဂျီယံတို့နဲ့ တစ်အုပ်စုတည်းကျနေတာမို့ အိမ်ရှင်တရုတ်ဘောလုံးအသင်း ရွှေတံဆိပ်ရယူနိုင်ခြင်းရှိမရှိ စောင့်ကြည့်အကဲခတ်ရမှာ ဖြစ်ပါကြောင်း။ ။

ကိုးကား-ဆင်ဟွာသတင်းများ

၂၀၀၈ ပေကျင်းအိုလံပစ် ဘောလုံးပြိုင်ပွဲများ ကျင်းပမည့် ပေကျင်းအမျိုးသား အားကစားကွင်းကို တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

မောင်မောင်မြင့်ဆွေရေးသားသည်

၂၀၀၈ ပေကျင်း အိုလံပစ်သတင်းဓာတ်ပုံ

၂၀၀၈ ပေကျင်းအိုလံပစ် မီးရှူးတိုင်ကို တရုတ်နိုင်ငံအတွင်း လက်ဆင့်ကမ်း လှည့်လည်သယ်ဆောင်လျက်ရှိရာ လျောင်နင်းပြည်နယ် အင်ရှန်မြို့သို့ ဇူလိုင်၁၈ရက်က ရောက်ရှိလာစဉ် တရုတ်နိုင်ငံ သေနတ်ပစ်လက်ရွေးစင်အသင်းနည်းပြ ဝမ်ယီဖူက လက်ဆင့်ကမ်း သယ်ဆောင်ပေးနေသည်ကို ဤသို့ တွေ့ရသည်။ (ဆင်ဟွာဓာတ်ပုံ)

၂၀၀၈ ပေကျင်း အိုလံပစ် ပွဲတော် အလံတင် အခမ်းအနား ဝတ်စုံပြည့် အစမ်းလေ့ကျင့်မှုကို ပေကျင်းမြို့ အမျိုးသား အားကစားရုံ၌ ဇူလိုင် ၁၈ရက်က ကျင်းပရာ ပါဝင်လေ့ကျင့်နေသူများအားတွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

အာဆင်နယ်ကွင်းလယ်ကစားသမား ဂီလ်ဘာတို ပနာသီနာကို့စ်နှင့် သုံးနှစ်စာချုပ်

လန်ဒန် ဇူလိုင် ၁၈

အာဆင်နယ်အသင်းမှ ဘရာဇီးကွင်းလယ်ကစားသမား ဂီလ်ဘာတိုသည် ဂရိအသင်း ပနာသီနာကို့စ်အသင်းနှင့် စာချုပ်ချုပ်ဆိုလိုက်ခြင်းဖြင့် အာဆင်နယ်အသင်းတွင် ခြောက်နှစ်တာ ကစားခဲ့မှုကို အဆုံးသတ်လိုက်ပြီဖြစ်သည်။

ပနာသီနာကို့စ် အသင်းက ပေါင်တစ်သန်းဖြင့် ခေါ်ယူမည့် အာဆင်နယ် ကွင်းလယ် ကစားသမား ဂီလ်ဘာတို။ (အင်တာနက် ဓာတ်ပုံ)

ချုပ်ဆို

ပနာသီနာကို့စ်၏ ပေါင်တစ်သန်းဖြင့် ကမ်းလှမ်းမှုကို အာဆင်နယ်အသင်းက လက်ခံခဲ့ပြီးနောက် အသက် ၃၁နှစ်ရှိ ဂီလ်ဘာတိုသည် ဆေးစစ်မှုခံယူပြီးနောက် ပနာသီနာကို့စ်အသင်းနှင့် သုံးနှစ်တာစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်သည်။ မိမိသည် ဆုဖလားများစွာကို ထပ်မံလိုချင်နေကြောင်း၊ မိမိသည် အကောင်းဆုံးစွမ်းဆောင်ပြီး ဘောလုံးသမားဘဝတွင် ဆက်လက်ရပ်တည်လိုသည့် ကြီးမားသော ရည်ရွယ်ချက်များကြောင့် ဂရိသို့ ပြောင်းရွှေ့လာရခြင်း ဖြစ်ကြောင်း ဂရိတွင် ကြေးအမြင့်ဆုံးကစားသမား ဖြစ်လာသူ ဂီလ်ဘာတိုက ပြောကြားခဲ့သည်။

ခေါ်ယူ

၂၀၀၂ ခုနှစ်က ဂီလ်ဘာတိုသည် ဘရာဇီးအသင်းနှင့်အတူ ကမ္ဘာ့ဖလား ရယူပြီးနောက် စပိန်နိုင်ငံရှိ အက်သလက်တီကို မက်ဒရစ်အသင်းတွင်ကစားနေသော ၎င်းအား အာဆင်နယ်အသင်း နည်းပြ အာစင်ဝင်းဂါးက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ဥရောပတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့် ဆီရီနာလက်ရည်ကျသော်လည်း အနိုင်ရခဲ့

လန်ဒန် ဇူလိုင် ၁၈

အမေရိကန်တင်းနစ်အကျော်အမော် ဆီရီနာဝီလျံသည် စတန်းဖို့ဒ်တွင်ကျင်းပသော ဥရောပအဆင့်တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် အသက် ၁၅နှစ်ရှိ ပေါ်တူဂီ တင်းနစ်မယ်လေးတစ်ဦးဖြစ်သူ မစ်ချယ်လီလာချာ ဒီဘရစ်တို၏ ခြိမ်းခြောက်မှုကို ခံခဲ့ရသည်။

အမေရိကန် ထိပ်တန်းတင်းနစ်မယ် ဆီရီနာသည် ပေါ်တူဂီ တင်းနစ်မယ် ဒီဘရစ်တိုအား ၄-၆၊ ၆-၃၊၆-၂ဖြင့် အနိုင်မရရှိမီ လက်ရည်ကျသလိုဖြစ်ခဲ့သည်။ ဆီရီနာသည် ပထမပွဲစဉ်တွင် အမှားများပြုလုပ်ခဲ့သည်။

ပြောကြား

မိမိသည် ပြိုင်ဘက်အား တန်ပြန်တိုက်စစ်ဆင် အနိုင်ယူနိုင်သည်ကို တိကျစွာသိရပြီဖြစ်ကြောင်း၊ အချိန်တိုအတွင်း ပြိုင်ဘက်က မိမိအားအနိုင်မယူနိုင်ကြောင်း၊ မိမိသည် လေ့ကျင့်မှုလိုအပ်နေသေးသည်ကို ယခုပွဲက သက်သေပြခဲ့ကြောင်း ဆီရီနာက ပြောကြားခဲ့သည်။

အနိုင်ယူ

ဝင်ဘယ်ဒန်တင်းနစ်ဖလား ဗိုလ်လုပွဲတွင် အစ်မဖြစ်သူ ဗီးနပ်စ်အား ရှုံးနိမ့်ခဲ့ပြီးကတည်းက ယခုပြိုင်ပွဲသည် သူမအတွက် ပထမဦးဆုံးပြိုင်ပွဲဖြစ်သည်။ ဝင်ဘယ်ဒန် ပြိုင်ပွဲတွင် တင်းနစ်ကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ကစားနိုင်သော ဆီရီနာအား ဗီးနပ်စ်က အနိုင်ယူဗိုလ်စွဲသွားခဲ့သည်။

(အင်တာနက်)

ဆီရီနာ

ဥရောပတင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်၌အနိုင်ရရှိခဲ့သော ဆီရီနာ။

စူပါမစ်ဒယ်ဝိတ်တန်း သရဖူအတွက် ဂျိုးကယ်လ်ဇာဂီနှင့်ကယ်လီ ထိုးသတ်ကြမည်

လန်ဒန် ဇူလိုင် ၁၈

လာမည့်နှစ်တွင် စူပါမစ်ဒယ်ဝိတ် သရဖူအတွက် ကယ်လီ ပက်ဗလစ်ခ်နှင့် ထိုးသတ်ရဖွယ်ရှိကြောင်း ဝေလလက်ဝှေ့အကျော်အမော် ဂျိုးကယ်လ်ဇာဂီ **(အပေါ်ပုံ)**က ပြောကြားလိုက်သည်။

နောက်ဆုံးပွဲစဉ်

ရှုံးပွဲမရှိ ပွဲပေါင်း ၄၅ပွဲအနိုင်ရရှိထားသူ ဂျိုးကယ်လ်ဇာဂီမှာ ယခုနှစ် စက်တင်ဘာ ၂၀ရက်တွင် ရွိုင်ဂျုံးဂျုံနီယာနှင့် ယှဉ်ပြိုင်ထိုးသတ်ရမည့်ပွဲစဉ်သည် သူ့အတွက် လိုက်ဟဲဗီးဝိတ်တန်း နောက်ဆုံးပွဲစဉ် ဖြစ်လာဖွယ်ရှိသည်။

ပြောကြား

သို့သော်လည်း ကယ်လ်ဇာဂီသည် ဒဗလျူဘီအိုစူပါမစ်ဒယ်ဝိတ်ခါးပတ်ကို စွန့်လွှတ်ရန်အတွက် မရည်ရွယ်သေးပေ။ မိမိသည် ဒဗလျူဘီအိုခါးပတ်ကို လက်လျှော့စွန့်လွှတ်ရန် ရည်ရွယ်ချက်မရှိသေးကြောင်း၊ မိမိအနေဖြင့် ဂျုံးကိုအနိုင်ရရှိပြီးလျှင် စူပါမစ်ဒယ်ဝိတ်တန်းတွင် ကယ်လီပက်ဗလစ်ခ်နှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဂျိုးကယ်လ်ဇာဂီက ပြောကြားခဲ့သည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းသည်

သက်န်းနှင့် လှူဖွယ်ပစ္စည်းဆက်ကပ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦးနှင့် ဧည့်ပရိသတ်များ နေပြည်တော်တိုင်းစစ်ဌာနချုပ် မိသားစုဝင်များ၏ ဒုတိယအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ်မိသားစု စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၁၈

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦးတို့အား အမှူးထား၍ တိုင်းစစ်ဌာနချုပ် မိသားစုဝင်များ၏ ဒုတိယအကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ရက် နံနက် ၅နာရီက နေပြည်တော်တိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ဓမ္မာရုံ၌ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦး၊ ဒုတိယ တိုင်းမှူးနှင့်ဇနီး၊ ဦးစီးအရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ဦးစီးပဓာန နာယက အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦးတို့က ဆရာတော် ဘဒ္ဒန္တကဝိသာရထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဇော်မင်းနှင့် ဇနီး၊ ဦးစီးအရာရှိကြီးများက ဆရာတော် သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

အရဏ်ဆွမ်းဆက်ကပ်

ထို့နောက် ဆရာတော်ဘဒ္ဒန္တကဝိသာရထံမှ ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဆရာတော် သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲကျင်းပ

ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၁၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး ရတနာခန်းမ၌ကျင်းပရာ နေပြည်တော်ပျဉ်းမနား မဟာဝိသုတာရာမ ဈေးကုန်း ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီနှင့် ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက်ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေ၍ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် ပရိသတ်တို့က စွမ်းအင် ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

အာရှ-အာဖရိက မဟာဗျူဟာပူးပေါင်းဆောင်ရွက်မှုအဖွဲ့သစ် ဒုတိယအကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့ ဝန်ကြီးဦးဉာဏ်ဝင်းတက်ရောက်ခဲ့

နေပြည်တော် ဇူလိုင် ၁၈

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းသည် ဇူလိုင် ၁၄ရက်နှင့် ၁၅ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော အာရှ-အာဖရိက မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့သစ်၏ ဒုတိယအကြိမ်မြောက် ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့ ညနေပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

တက်ရောက်

ယင်းအစည်းအဝေးကို ဇူလိုင် ၁၄ရက်တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့ရှိ နီဂါရာနန်းတော်၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူစီလိုဘန်ဘန်း ယူဒိုယိုနိုက ဖွင့်လှစ်ပေးပြီး အစည်းအဝေးသို့ ပါလက်စတိုင်းနိုင်ငံ ဝန်ကြီးချုပ် ဆာလမ်ဖာယက် အပါအဝင် အာရှနှင့်အာဖရိက နိုင်ငံပေါင်း၅၅နိုင်ငံတို့မှ နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် သက်ဆိုင်ရာ နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ်များ စုစုပေါင်း ကိုယ်စားလှယ် ၂၁၈ဦးတို့ တက်ရောက်ခဲ့ကြသည်။

အားပေးထောက်ခံ

အဆိုပါ အစည်းအဝေးသည် အနာဂတ် ပါလက်စတိုင်းနိုင်ငံအတွက် စွမ်းရည်တည်ဆောက်မှုဆိုင်ရာ အားပေးထောက်ခံမှု ပြသည့် အစည်းအဝေးဖြစ်သည်။

ဝန်ကြီးဦးဉာဏ်ဝင်းသည် ဇူလိုင် ၁၄ရက်တွင် ပြုလုပ်ခဲ့သော အဆိုပါ အစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးပြဿနာနှင့် ပါလက်စတိုင်းနိုင်ငံဆိုင်ရာ စွမ်းရည် တည်ဆောက်နိုင်ရေးအတွက် မြန်မာ့ရပ်တည်ချက်ကို ရှင်းလင်း ပြောကြားခဲ့သည်။

သီးခြားတွေ့ဆုံ

ထို့အပြင် ဝန်ကြီးဦးဉာဏ်ဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်လည်း သီးခြားတွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ အကျိုးတူ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အတူအဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသော နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသီဟဟန်၊ လက်ထောက် ညွှန်ကြားရေးမှူးများ ဖြစ်ကြသော ဦးကျော်တင်ရှိန်နှင့် ဦးဇော်မင်း အောင်တို့ ပြန်လည်လိုက်ပါလာကြကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်နယ်/တိုင်း သုံးနှစ်ဆက်တိုက်ပထမဆုရ ဧရာဝတီတိုင်း အမျိုးသမီးဘော်လီဘောအသင်းအားဂုဏ်ပြု

နေပြည်တော် ဇူလိုင် ၁၈

(၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက် ၁၈ အောက် ဘော်လီဘောပြိုင်ပွဲတွင် သုံးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့သော ဧရာဝတီတိုင်း အမျိုးသမီးဘော်လီဘော အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၈ရက် မွန်းလွဲ ၂နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲအတွေ့အကြုံများရှင်းလင်း

ရှေးဦးစွာ အောင်ပွဲရဧရာဝတီတိုင်း အမျိုးသမီး ဘော်လီဘောအသင်းနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး အသင်း အုပ်ချုပ်သူက ပြိုင်ပွဲ အတွေ့အကြုံများ ရှင်းလင်းတင်ပြကာဧရာဝတီတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကိုယ်စား ဧရာဝတီတိုင်း အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် ခင်မောင်အေးက ဂုဏ်ပြုအမှာစကားပြောကြားပြီး အောင်ပွဲရ ဧရာဝတီတိုင်း အမျိုးသမီးဘော်လီဘော အသင်းက ပေးအပ်သည့် တံခွန်စိုက်ဒိုင်းဆု အား လက်ခံသည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ဆက်လက်၍ ဒုတိယတိုင်းမှူးက ဂုဏ်ပြု ဆုငွေကျပ်ခြောက်သိန်းနှစ်သောင်း ကိုလည်းကောင်း(**အပေါ်ပုံ**)၊ တိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်စန်းက ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုကို ရရှိခဲ့သော မချူးဝါငြိမ်းအား ဂုဏ်ပြုဆု ငွေကျပ် ၃၀၀၀၀ကိုလည်းကောင်း ပေးအပ် သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့နေ ဗိုလ်မှူးကြီး သာဝင်း အားရည်စူး၍ ဇနီး ဒေါ် မြ မြ ယဉ် မိသားစု တို့က ပဲခူးတိုင်း ရွှေကျင် မြို့နယ် ကွမ်းဆိပ် ကျေးရွာ မဟာဗောဓိ တောရ ကျောင်း ဆွမ်းပဒေသာပင် အတွက် အလှူငွေကျပ်ငါးသိန်း ကို ဇွန် ၂၂ရက်က ပေးအပ်လှူဒါန်းရာ အကျိုးတော်ဆောင်အဖွဲ့က လက်ခံယူစဉ်။ (က-ပ)

19-7 (12).pmd 1 7/20/2008, 2:06 AM

တောင်ငူမြို့နယ်စည်ပင် ပန်းအလှပင်ပျိုးထောင်

တောင်ငူ ဇူလိုင် ၁၈

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကန်တော်ကြီးပန်းဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်ထားရှိမှုနှင့် မြေယာရှုခင်းအလှဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို အမှုဆောင်အရာရှိ ဦးထွန်းဇော်ချစ် ဇူလိုင် ၁၂ ရက်က ကြည့်ရှုစစ်ဆေးရာ အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွန်းကျော်ဇောတို့ကရှင်းလင်းပြသခဲ့ကြောင်းသိရသည်။(မြို့နယ်စည်ပင်)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
B.E ဝင်ခွင့် အရည်အချင်းစစ်အတွက် အသက်ကန့်သတ်ချက်အားပြန်လည်ပြင်ဆင်ခြင်း

(က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် B.E ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၀၈ ခုနှစ် ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့)၌ ကျင်းပမည်ဖြစ်ကြောင်း ၄-၇-၂၀၀၈ ရက်မှ ၆-၇-၂၀၀၈ ရက်ထုတ် သတင်းစာများတွင် ကြေညာပြီးဖြစ်ပါသည်။

(ခ) အဆိုပါ ကြေညာချက်အပိုဒ်(က)ရှိ ဖြေဆိုခွင့်ပြုမည့် ကျောင်းသား ကျောင်းသူများ၏ အသက်ကန့်သတ်ချက်အား ၁-၁-၂၀၀၈ ရက်တွင် အသက် ၂၇နှစ်ထက် မကြီးသူဖြစ်ရမည်ဟု ပြင်ဆင်သတ်မှတ်ပါသည်။

(ဂ) အသေးစိတ် အချက်အလက်များသိလိုလျှင် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်) ဖုန်း-၀၆၇-၄၀၄၀၁၉၊ ၄၀၄၀၂၀၊ ရန်ကုန်(ရုံးခွဲ) ၀၁-၅၄၃၃၃၆၊ ၅၄၃၃၃၇ နှင့် နီးစပ်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံကျောင်းများ၌ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
B.Tech ဝင်ခွင့် အရည်အချင်းစစ်အတွက် အသက်ကန့်သတ်ချက်အားပြန်လည်ပြင်ဆင်ခြင်း

(က) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနအောက်ရှိ နည်းပညာ တက္ကသိုလ်/ကောလိပ်/သိပ္ပံများတွင် **B.Tech** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၀၈ ခုနှစ် ဇူလိုင် ၂၇ ရက် (တနင်္ဂနွေနေ့)၌ ကျင်းပမည်ဖြစ်ကြောင်း ၄-၇-၂၀၀၈ ရက်မှ ၆-၇-၂၀၀၈ ရက်ထုတ် သတင်းစာများတွင် ကြေညာပြီးဖြစ်ပါသည်။

(ခ) အဆိုပါ ကြေညာချက်အပိုဒ်(ခ)ရှိ ဖြေဆိုခွင့်ပြုမည့် ကျောင်းသား ကျောင်းသူများ၏ အသက်ကန့်သတ်ချက်အား ၁-၁-၂၀၀၈ ရက်တွင် အသက် ၂၄နှစ်ထက် မကြီးသူဖြစ်ရမည်ဟု ပြင်ဆင်သတ်မှတ်ပါသည်။

(ဂ) အသေးစိတ် အချက်အလက်များသိလိုလျှင် စက်မှုနှင့်သက်မွေးပညာဦးစီးဌာန(ရုံးချုပ်)၊ ဖုန်း-၀၆၇-၄၀၄၀၁၉၊ ၄၀၄၀၂၀၊ ရန်ကုန်(ရုံးခွဲ) ၀၁-၅၄၃၃၃၆၊ ၅၄၃၃၃၇ နှင့် နီးစပ်ရာ နည်းပညာတက္ကသိုလ်/ကောလိပ်/သိပ္ပံ ကျောင်းများ၌ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

စက်မှုနှင့်သက်မွေးပညာဦးစီးဌာန။

မြန်မာလိဂ် ကွင်းပိတ်ဖိုလ်လုပွဲ
လက်ရှိချန်ပီယံ စီးပွား/ကူးသန်းနှင့် ဘဏ္ဍာ/အခွန်တို့တက်ရောက် ယခုနှစ်ရာသီအတွင်း လေးကြိမ်မြောက်တွေ့ဆုံကြမည်

သတင်းမြင်ကွင်း နှင့် ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် ဇူလိုင် ၁၈

၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာလိဂ်(အဆင့်မြင့်တန်း) ကွင်းပိတ် ရှုံးထွက်ဘောလုံးပြိုင်ပွဲ အကြိုဖိုလ်လုပွဲ ပွဲစဉ်များကို ယနေ့ ညနေ ၃နာရီခွဲက သုဝဏ္ဏကွင်းနှင့် အောင်ဆန်းကွင်းတို့မှာ ကျင်းပခဲ့ပါတယ်။

အနိုင်ရရှိ

သုဝဏ္ဏကွင်းမှာ ကျင်းပတဲ့ပွဲတွင် ဘဏ္ဍာ/အခွန်က ပြည်ထဲရေးကို သုံးဂိုး-နှစ်ဂိုး၊ အောင်ဆန်းကွင်း၌ ကျင်းပတဲ့ပွဲမှာ လက်ရှိချန်ပီယံ စီးပွား/ကူးသန်းက Royal Eleven F.C ကို နှစ်ဂိုး-ဂိုးမရှိ တို့နဲ့ အနိုင်ရရှိခဲ့တာကြောင့် ဖိုလ်လုပွဲမှာ မြန်မာလိဂ်ရဲ့ ထိပ်သီး နှစ်သင်းကြီးဖြစ်တဲ့ စီးပွား/ကူးသန်းနဲ့ ဘဏ္ဍာ/အခွန်တို့ ယှဉ်ပြိုင်ကစားရတော့မှာ ဖြစ်ပါတယ်။

နောက်ဆုံးဖိုလ်လုပွဲ

စီးပွား/ကူးသန်း အသင်းနှင့် ဘဏ္ဍာ/ အခွန်အသင်းတို့ဟာ အခု ၂၀၀၇-၂၀၀၈ ဘောလုံးရာသီအတွင်း လေးကြိမ်မြောက်တွေ့ဆုံကြမှာဖြစ်ပြီး ကွင်းပိတ်ပြိုင်ပွဲရဲ့ နောက်ဆုံးဖိုလ်လုပွဲမှာ ၂၀၀၂-၂၀၀၃ ဘောလုံးရာသီမှာ တွေ့ဆုံခဲ့ပြီး ပထမဦးဆုံးအကြိမ် ပြန်လည်တွေ့ဆုံကြမှာ ဖြစ်ပါတယ်။ စီးပွား/ကူးသန်းအသင်းဟာ ကွင်းပိတ်ပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံအသင်း ဖြစ်ပေမယ့် ဘဏ္ဍာ/အခွန်အသင်းကတော့ ကွင်းပိတ်ပြိုင်ပွဲမှာ အောင်မြင်မှုမရတာ နှစ်ရာသီရှိသွားပါပြီ။ ဒီနှစ်သင်းရဲ့ ယခုနှစ် ဘောလုံးရာသီ တွေ့ဆုံမှုမှာ မြန်မာလိဂ်ဖွင့်ပွဲ အထိမ်းအမှတ် ဘောလုံးပွဲ၊ အမှတ်ပေးပြိုင်ပွဲနဲ့ အိုလံပစ်နေ့အထိမ်းအမှတ် ဘောလုံးပွဲတို့ဖြစ်ပြီး စီးပွား/ကူးသန်း အသင်းက နှစ်ကြိမ်အနိုင်ရထားပြီး အမှတ်ပေးပွဲမှာ ရှုံးနိမ့်ထားပါတယ်၊ စီးပွား/ကူးသန်းအသင်းနဲ့ ဘဏ္ဍာ/အခွန်အသင်းတို့ရဲ့ နောက်ဆုံးဖိုလ်လုပွဲကို ဇူလိုင်၂၂ရက် အောင်ဆန်းကွင်းမှာ ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။

ဘဏ္ဍာ/အခွန် - ၃ ဂိုး ပြည်ထဲရေး - ၂ ဂိုး

ကွင်းပိတ်ပြိုင်ပွဲမှာ အောင်မြင်မှုနဲ့ အလှမ်းဝေးနေတဲ့ ဘဏ္ဍာ/အခွန်အသင်းကတော့ ဖိုလ်လုပွဲရောက်အောင် အားထည့်ကစားသွားခဲ့ပါတယ်။ စိုးမြတ်မင်း၊ ရန်ပိုင်၊ ထွန်းထွန်းဝင်း၊ အောင်ကျော်မိုး၊ လွင်ဦးတို့နဲ့ ဘဏ္ဍာ/အခွန်ဟာ လူစုံထုတ်ကစားပေမယ့် ပြည်ထဲရေးကို လွယ်လွယ်နဲ့ အနိုင်ရခဲ့တာတော့ မဟုတ်ပါဘူး။ စည်သူဝင်း ဦးဆောင်တဲ့ ပြည်ထဲရေးအသင်းဟာ ဘဏ္ဍာ/အခွန် ဂိုးပေါက်ကို ခြိမ်းခြောက်မှုတွေ ပြုလုပ်နိုင်ခဲ့ပြီး စည်သူဝင်းနဲ့တွဲမယ့်သူ နောက်တစ်ယောက်ပါရင် ပွဲအဖြေတစ်မျိုးပြောင်းသွားနိုင်ပါတယ်။

ဘဏ္ဍာ/အခွန် ရှေ့တန်းတိုက်စစ်မှူး ရန်ပိုင်နှင့် ပြည်ထဲရေးမှ ဝေဖြိုးထက်တို့ ဘောလုပိုအကြိတ်အနယ်။

(မြန်မာ့အလင်း)

ထပ်မံသွင်းယူ

ပညာနဲ့ သမ္မာအရရော ကစားအားအရပါ မယှဉ်နိုင်တဲ့ ပြည်ထဲရေးတို့ဟာ ခံစစ်ကို ဦးစားပေးကစားပြီး တန်ပြန်တိုက်စစ်နဲ့သာ ကစားခဲ့လို့ ဘဏ္ဍာ/အခွန်တို့ ပွဲစကတည်းက ဖိအားပေးကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဘဏ္ဍာ/အခွန်အသင်းရဲ့ ဖြတ်တင်ဘောတွေဟာ မထိရောက်ခဲ့လို့ တိုက်စစ်အားပျော့ခဲ့တယ်။ ဘဏ္ဍာ/အခွန်အတွက် အဖွင့်ဂိုးကို ၁၉ မိနစ်မှာ ရန်ပိုင်က ထွန်းထွန်းဝင်းရဲ့ ဖြတ်တင်ဘောကို ခေါင်းတိုက်သွင်းယူခဲ့တာ ဖြစ်ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ဘဏ္ဍာ/အခွန်အသင်းဟာ ပွဲကို စိုးမိုးနိုင်ခဲ့ပြီး ၃၇မိနစ်မှာ စိုးမြတ်မင်းက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့ပါတယ်။

ထိန်းကစား

ဒုတိယပိုင်းအစမှာတော့ ဘဏ္ဍာ/အခွန်အသင်းက ရန်ပိုင်အစား ကျော်သူရကို ထည့်သွင်းကစားခဲ့ပါတယ်။ ၄၈ မိနစ်မှာ နေလင်းထွန်း အဝေးက အမှတ်မထင်ကန်သွင်းခဲ့တာကြောင့် ပြည်ထဲရေးတို့ ပထမ ချေပဂိုးရရှိခဲ့ပါတယ်။ စိုးမြတ်မင်း၊ ကျော်သူရ၊ အောင်ကျော်မိုးတို့ရဲ့ အားတွေဟာ ပြည်ထဲရေးနောက်တန်းကို ဒုက္ခပေးနိုင်ခဲ့ပြီး ၅၄မိနစ်မှာ ကျော်သူရက ဘဏ္ဍာ/အခွန်အတွက် တတိယဂိုး ထပ်မံသွင်းယူခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာတော့ ပြည်ထဲရေးက ပြန်ဖိလာနိုင်ပြီး ၆၆မိနစ်မှာ စည်သူဝင်းက အောင်အောင်ဦးကို ကျော်ပြီး ဒုတိယဂိုးထပ်မံသွင်းယူခဲ့ပါတယ်။ ပြည်ထဲရေးတို့ဟာ အဲဒီခြေကို ထိန်းနိုင်ရင် ချေပဂိုးထပ်မံရရှိနိုင်ပေမယ့် ကစားသမားတချို့ မလိုအပ်ဘဲ ကြမ်းကြမ်းတမ်းတမ်း ကစားကြတာကြောင့် နောက်ခံလူဇော်ဇော်အောင် နှစ်ဝါ တစ်နီနဲ့ထွက်ခဲ့ရပါတယ်။ အဲဒါကြောင့် ဘဏ္ဍာ/အခွန်ဟာ တစ်ယောက်အသာနဲ့ အနိုင်ကို ထိန်းကစားခဲ့ပါတယ်။

စီးပွားကူးသန်း -၂ ဂိုး Royal Eleven F.C - ဂိုးမရှိ

အခုနှစ်ဘောလုံးရာသီမှာ အဆင့်မြင့်တန်းကို ရောက်လာတဲ့ Royal Eleven F.C ရဲ့ ရေကုန်ရေခန်းကြိုးစားကစားမှုကြောင့် လက်ရှိချန်ပီယံစီးပွား/ကူးသန်းတို့ အားကုန်ထုတ်ကစားခဲ့ရပါတယ်။ စီးပွား/ကူးသန်းအတွက် အနိုင်ဂိုးတွေကို ၁၀မိနစ်မှာ ရာဇာဝင်းသိန်းနဲ့ ၇၅မိနစ်မှာ ကျော်ဇင်ဝင်းတို့က သွင်းယူပေးခဲ့ကြပါတယ်။ ။

(မြန်မာ့အလင်း)

ချင်းတွင်း၊ ဧရာဝတီနှင့် စစ်တောင်းမြစ်ရေများ ဆက်လက်ကျဆင်းနေ

(ဇူလိုင် ၁၈ရက် မွန်းလွဲ ၁၂နာရီခွဲ ထုတ်ပြန်ချက်)

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယမန်နေ့မွန်းလွဲပိုင်းမှစ၍ စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားပြီဖြစ်သည်။

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် စိုးရိမ်ရေမှတ်အထက် ၃၇ စင်တီမီတာ(၁ဒသမ၂ပေ)ခန့် ကျော်လွန်နေသော်လည်း အဆိုပါ မြစ်ရေသည် ဆက်လက်မြင့်တက်ခြင်း မရှိတော့ဘဲ နောက် ၁၂နာရီအတွင်း လက်ရှိရေမှတ်မှ စတင်ကျဆင်းပြီး ယနေ့မွန်းလွဲပိုင်းမှစ၍ နောက်သုံးရက်အတွင်း ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက်တွင် ၁၁ စင်တီမီတာ (၀ ဒသမ ၄ပေ)ခန့် ရှိနေပြီး နောက်သုံးရက်အတွင်း မဒေါက်မြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၁၀၇၀ အောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

၂၀၀၈ ခုနှစ် ဒုတိယအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ (က)အုပ်စု ပထမအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်းနှင့် ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်းတို့၌ ယနေ့ညနေ ၄နာရီတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြရာ နေပြည်တော်အားကစားပြိုင်ကွင်းပွဲစဉ်၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းက ပညာရေးဝန်ကြီးဌာနအသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ပေါင်းလောင်းအားကစားပြိုင်ကွင်းပွဲစဉ်၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဇူလိုင်၂၁ရက် (တနင်္လာနေ့)တွင် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (ခ)အုပ်စုမှ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ တရားရုံးချုပ်အသင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကနောင်အသင်း(ရန်ကုန်) လေဘေးသင့်များအား ကူညီထောက်ပံ့ခဲ့

ရန်ကုန် ဇူလိုင် ၁၈

ကနောင်အသင်း (ရန်ကုန်)မှ ရန်ကုန်ရောက် ကနောင်နယ်သူနယ်သားများအား ကူညီထောက်ပံ့ရာတွင် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးမှုများ၍ နေအိမ်လုံးဝပြိုလဲသွားပြီး ပြုပြင်ရန် အင်အားမရှိသည့် လေဘေးသင့်သူများ စာရင်းကို သက်ဆိုင်ရာ နယ်မြေအသင်းဝင်များမှ စိစစ်ပြုစုပေးပို့မှုကို တာဝန်ရှိအမှုဆောင်များက သွားရောက်ကြည့်ရှုပြီး လှိုင်သာယာနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ ပျက်စီးအိမ်များသို့ အသင်းမှ တတ်နိုင်သမျှ သွားရောက်၍ စာနာစိတ်ဖြင့် ကူညီထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။ (က-ပ)

ပိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေပေးအပ်

မုဒုံ ဇူလိုင် ၁၈

မုဒုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မုဒုံမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဒေါ်လှလှမော်နှင့် ဝန်ထမ်းများက ၂၀၀၈ ခုနှစ် မိုးရာသီ စပါးစိုက်ပျိုးထုတ်လုပ်သော မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၄၂ အုပ်စုမှ တောင်သူလယ်သမား ၃၀၀၀ ကျော်တို့အား မိုးစပါးတစ်ဧကလျှင် ကျပ်၈၀၀၀နှုန်းဖြင့် စပါးစိုက်ဧက ၂၈၄၀၀ အတွက် ချေးငွေပေါင်း ကျပ် ၂၂၇၂၀၀၀၀၀ ကို မေ ၁၅ရက်မှ ဇူလိုင် ၄ရက်အထိ ထုတ်ချေးပေးခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း မိုးလေဝသ သတင်း

သန်းသန်းနု ကိုးကားတင်ပြသည်

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အသင့်အတင့်ရှိ

ရန်ကုန် ဇူလိုင် ၁၈

ဇူလိုင် ၁၈ရက်က မြန်မာနိုင်ငံ၏မိုးလေဝသအခြေအနေကို လေ့လာကြည့်လျှင် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာသွန်းခဲ့ပြီး ရှမ်းပြည်နယ်၌ နေရာကျဲကျဲ မိုးရွာသွန်းခဲ့သည်။ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျားမိုးရွာသွန်းခဲ့ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့၌ တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ဇူလိုင် ၁၈ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

နေပြည်တော်	၀ဒသမ၈၇ လက်မ
ကျောက်ဖြူ	၂ဒသမ၅၆ လက်မ
ကျောက်တော်	၂ဒသမ၄၀ လက်မ
ပူတာအို	၁ဒသမ၅၀ လက်မ
ဓောင်းတူ	၁ဒသမ၃၈ လက်မ
ဘားအံ	၁ဒသမ၁၈ လက်မ
မိုးကုတ်	၁ဒသမ၁၀ လက်မ

ဇူလိုင် ၁၉ရက်(**ယနေ့**) ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ် မိုးရွာနိုင်ပြီး ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့၌ နေရာကျဲကျဲမိုးရွာနိုင်သည်။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဇူလိုင် ၁၉ရက်(**ယနေ့**) နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်ဖြစ်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်မူ နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီး ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

မုတ်သုံလေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အများအားဖြင့် အားအသင့်အတင့် ရှိနေသည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား-မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ထုတ်ပြန်ချက်

ဇူလိုင်၄ရက်က ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်နေ ဗိုလ်ကြီးသန်းထွဋ် (ငြိမ်း)နှင့် ဒေါ်အေးအေးနုတို့အား အမှူးထား၍ ဒေါက်တာကျော်မြင့်ဦး-ဒေါက်တာကြည်ကြည်ဆန်း (ရွှေပြည်သာ)၊ ဒေါက်တာစိုင်းလောင်လိုင်း-ဒေါက်တာကြည်ကြည်ဆွေ (ထောက်ကြန့်)၊ ဒေါက်တာဥမ္မာခိုင် (ခေတ္တနယူးယောက်၊ အမေရိကန်)၊ သားသမီး၊ မြေးတစ်စုက ရွှေပြည်သာမြို့ (၆/၁၀)ရပ်ကွက် သံလွင်လမ်းရှိ ရန်ကြီးအောင်ကျောင်းတိုက်တွင် တည်ဆောက်လျက်ရှိသော ဓမ္မရတိသိမ်တော်ကြီးအတွက် အလှူငွေကျပ် ၁၃ သိန်းကို ရန်ကြီးအောင်ကျောင်း ဆရာတော်ဘဒ္ဒန္တဓမ္မသာမိထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာအမျိုးသမီးများနေ့ စာစီစာကုံးပြိုင်ပွဲကျင်းပ

ဖလမ်း ဇူလိုင် ၈

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖလမ်းခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး ကျင်းပသော တက္ကသိုလ်၊ ကောလိပ်အဆင့်နှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ဇွန်၂၈ရက် နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်း ပညာအလင်းခန်းမဆောင်၌ ကျင်းပရာ ကျောင်းသားကျောင်းသူပေါင်း ၂၄ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။

အလားတူ စာစီစာကုံးပြိုင်ပွဲကို ဇွန် ၂၈ ရက်က တီးတိန်မြို့နယ်နှင့် တွန်းဇံမြို့နယ်တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဗဟန်းမြို့နယ် ငါးထပ်ကြီးကျောင်းတိုက် ဒေါ်နုခင်ကျောင်း၌ တည်ဆောက်လျက်ရှိသော မဟာဗောဓိစေတီ မနောရမ္မ လေးထပ်သိမ်ကျောင်းတော်ကြီးအတွက် ဆရာတော်ဘဒ္ဒန္တနန္ဒိယထံသို့ ဒေါ်ချစ်စိန်၊ သမီး ဒေါ်တင်လှ၊ မောင်ညိုဝင်း-မခင်စိုးကြည် (မြသီဂီစတိုး၊ လမ်းဆုံတန့်ဆည်မြို့) မိသားစုက ငွေကျပ်ငါးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ကသာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသော မြို့ပြ သာယာလှပရေးလုပ်ငန်းဖြစ်သည့် လမ်းလယ်ကျွန်းလုပ်ဆောင်မှုကိုစစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီးဦးဗျားနို ကွင်းဆင်းစစ်ဆေးမှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ မင်းတပ်၌ ကျင်းပ

မင်းတပ် ဇူလိုင် ၁၀

၂၀၀၈ခုနှစ်မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက်က ချင်းပြည်နယ် မင်းတပ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အခြေခံပညာအထက်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက ဆုများချီးမြှင့်ပေးသည်။

တက်ရောက်

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဆုရကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုင်းဖြတ်၌ ခြစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

မိုင်းဖြတ် ဇူလိုင် ၁၁

မိုင်းဖြတ်မြို့နယ်၏ စုပေါင်းခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၁ရက် နံနက် ၇နာရီခွဲက ပြည်သူ့ဆေးရုံဝင်းရှေ့၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းနှင့် ဇနီးဒေါ်အေးအေးနွဲ့တို့ တက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်စိုးဝင်းက ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များသို့ ပေးအပ်သည်။

ထို့နောက် ဗိုလ်မှူးချုပ်ကျော်စိုးဝင်းနှင့် ဇနီးဒေါ်အေးအေးနွဲ့ **(အောက်ပုံ)**၊ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလင်းနှင့်ဇနီးဒေါ်ခင်စောဝေ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးသိန်းထွန်းနှင့်ဇနီးဒေါ်မိုးနီနီလွင်တို့ ဦးဆောင်၍ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ခြံစည်းရိုးကြက်ဆူပင် ၂၀၀၀ကျော် စိုက်ပျိုးခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

မိုးမောက်မြို့၌ ကလေးငယ်များကာကွယ်ဆေးထိုး

မိုးမောက် ဇူလိုင် ၁၂

ကချင်ပြည်နယ် မိုးမောက်မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန၏ ကိုယ်ဝန်ဆောင်မိခင်နှင့် မွေးစမှ တစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုး ဆောင်ရွက်ခြင်းကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ မိခင်နှင့်ကလေးကျန်းမာရေးဌာနခွဲ ကျန်းမာရေးဦးစီးဌာန အမျိုးသမီးကျန်းမာရေး ဆရာမကြီး ဒေါ်ခင်သီနှင့် ဝန်ထမ်းများက ကာကွယ်ဆေးထိုးပေးကြသည်။

ကာကွယ်ဆေးထိုး

ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ရောဂါကာကွယ်ခြင်းကို လည်းကောင်း၊ မွေးစမှတစ်နှစ်အောက်ကလေးငယ်များအား ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်ကာကွယ်ဆေး၊ အသုတ်ရောဂါ၊ အသည်းရောင်အသားဝါဘီပိုးရောဂါ၊ ပိုလီယိုအကြောသေရောဂါနှင့် ဝက်သက်ရောဂါကာကွယ်ဆေးများကိုလည်းကောင်း ထိုးပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ချောင်းခွတံတား ပြုပြင်ပြီးစီးမှုအခြေအနေကို မေ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးဝင်းမော် သွားရောက်စစ်ဆေးစဉ်။ (ဝ၆၁)

ဟိုပန်မြို့၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုး

ဟိုပန် ဇူလိုင် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဟိုပန်မြို့၌ မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးရေးပွဲတော် အခမ်းအနားကို ဇွန် ၂၁ရက် နံနက် ၉နာရီက နမ့်တစ်မြို့သွားရာလမ်းဘေးဝဲယာ တစ်လျှောက်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးခင်မောင်ထွေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သီတာနှင့် အသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

ပျိုးပင်များပေးအပ်စိုက်ပျိုး

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသို့လည်းကောင်း၊ မြို့နယ်အတွင်းရေးမှူးဦးနိုင်လွင်ထွန်းက လူမှုရေးအသင်းအဖွဲ့ဝင်သို့လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးမှူးဦးမြင့်လွင်က ကျေးရွာပြည်သူများသို့လည်းကောင်း၊ ကျွန်း၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်းနှင့် မဲဇလီ စသည့်ပျိုးပင်များပေးအပ်ကြပြီး စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

(အပေါ်ပုံ) (ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ဗန်းမော်မြို့၌ စုပေါင်းသစ်ပင်စိုက်

ဗန်းမော် ဇူလိုင် ၁၀

၂၀၀၈ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂ ရက်က ဗန်းမော်မြို့ နည်းပညာတက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ကျင်းပရာ အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ငွေးလွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးစိုးဝင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးငွေးလွင်၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းဝေတို့က ပျိုးပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များသို့ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူပြီး တက်ရောက်လာကြသူများက ပျိုးပင်ပေါင်း ၆၇၂ ပင်ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

19-7 (15).pmd 1 7/20/2008, 2:06 AM

ပဲခူးတိုင်း အင်းတကော်စံပြကျေးရွာ အတွင်းတောင်ကိုးလုံးရှိ နန်းဦးတောရကျောင်းအတွင်း တည်ဆောက်ဆဲကမ္ဘာ့သာယ ပြည်လုံးချမ်းသာနန်းဦးစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်အတွက် နှစ်ဖက်သောမိဘများအား အမှူးထား၍ ကိုကျော်ကျော်လတ်-မမီမီအောင်၊ သား မောင်ကောင်းခန့်ကျော် မိသားစုက အလှူငွေကျပ်ငါးသိန်းကို တည်ဆောက်ရေး တာဝန်ခံဆရာတော် ဘဒ္ဒန္တဝါယမိန္ဒထံ ဆက်ကပ်စဉ်။(က-ပ)

မိုးရာသီသစ်ပင်စိုက်ပွဲတော် ပြည်မြို့၌ကျင်းပ

ပြည် ဇူလိုင် ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း)၏ ၂၀၀၈ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇွန်၂၈ရက် နံနက်၇နာရီခွဲက ပြည်မြို့ ဘုရင့်နောင်လမ်းမကြီး နီလာရိုးမဓာတ်ဆီဆိုင်အနီး၌ ကျင်းပသည်။

စုပေါင်းစိုက်ပျိုး

အခမ်းအနားတွင် ပဲခူးတိုင်း (အနောက်ပိုင်း) သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးက သစ်ပင်စိုက်ပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်က ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များသို့ ပျိုးပင်များကိုဖြန့်ဝေပေးပြီးတက်ရောက်လာသူအင်အား ၁၇၀၀ ခန့်က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက် အပါအဝင် လမ်းဘေးဝဲယာတွင် စုစုပေါင်း အပင် ၃၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ပြည်မြို့နယ် သစ်တောဦးစီးဌာန အနေဖြင့် ယခုနှစ်မိုးရာသီတွင် ရတနာတန်းဝင်၊ အရိပ်ရပင်၊ စားသုံးသီးပင်နှင့် ပန်းအလှပင် ၇၅၀၀၀ကို ဆက်လက်ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံချက်အရ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်း စုစုပေါင်း ဧက ၄၅၀ တွင် အပင်ပေါင်း ၃၁၁၁၀၀ကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ်(၁၅)ရှိ တိပိဋကမဇ္ဈေရက္ခိတဗိမာန်တော်ကြီးတွင် မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ် ၂၈၀နေ ဒေါ်သန်းဌေး၊ သမီး မရီရီချိုမိသားစုက ငွေကျပ်တစ်သိန်းကို ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မူးယစ်ဆေးဝါးအလွဲသုံးမှု တိုက်ဖျက်ရေးနေ့ စာစီစာကုံးပြိုင်ပွဲဆုရသူများ ဆုပေးအပ်ချီးမြှင့်

မိုးမောက် ဇူလိုင် ၁၃

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက် မွန်းတည့် ၁၂နာရီက မိုးမောက်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မိုးမောက်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတိုးအောင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးမြင့်ကြူက ဖတ်ကြားသည်။

ဆုများချီးမြှင့်

ဆက်လက်၍ အထက်တန်းနှင့် အလယ်တန်းအဆင့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှိုင်းဘွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးသော (က)ရပ်ကွက် နှစ်လက်မ စက်ရေတွင်းကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မင်း ဇူလိုင် ၈ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန့်ဇင်လင်းတို့ ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

အုတ်တွင်းမြို့နယ်၌ မိုးရာသီသစ်ပင် စုပေါင်းစိုက်ပျိုး

အုတ်တွင်း ဇူလိုင် ၁၃

မိုးရာသီသစ်ပင် စိုက်ပျိုးပွဲအခမ်းအနားကို ဇူလိုင် ၉ ရက် နံနက်ပိုင်းက အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၁၄၀/၆ ရေလျှံကျေးရွာအနီးတွင် ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကိုကိုဝင်းနှင့် ဗိုလ်မှူးကြီးမြင့်အောင်တို့ တက်ရောက်အားပေးပြီး မဟော်ဂနီပင်ကို စိုက်ပျိုးပေးသည်။

စိုက်ပျိုး

သစ်ပင်စိုက်ပျိုးပွဲတွင် တောင်ငူခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ အုတ်တွင်းမြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးမျိုးမင်းနှင့် သစ်တောဦးစီးဌာနဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းအင်အား ၅၀၀ ဖြင့် ကျွန်းပင် ၃၀၀၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(၁၁၆)**



မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် ဆောင်ရွက်သော ပျိုးဥယျာဉ်၊ ပန်းခြံ၊ မြို့မဈေးနှင့် ဝန်ထမ်းအိမ်ရာအခြေအနေကို ဇူလိုင် ၅ ရက်က မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် အင်ဂျင်နီယာမှူး ဦးထွန်းမြင့်တို့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည်စိုးဝင်းကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မာန်အောင်မြို့ သာယာလှပရေး ပန်းအလှပင်များအစားထိုးစိုက်ပျိုး

မာန်အောင် ဇူလိုင် ၁၂

မာန်အောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန် ၂၆ရက်က မြို့စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ရဲမက်ကျော်ခေါင် လမ်းဘေးဝဲယာ တစ်လျှောက်တွင် ပန်းအလှပင်များ အစားထိုး စိုက်ပျိုးနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဦးစောထွန်းကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဝန်ကြီးရုံး
တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနအောက်ရှိ အတတ်ပညာလေ့ကျင့်ရေး သင်တန်းကျောင်းများကို အောက်ပါမြို့များတွင် ဆောက်လုပ်ရန်အတွက် ချိပ်ပိတ်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	ဆောက်လုပ်မည့်ကျောင်း	အဆောက်အအုံအမျိုးအစားနှင့် အရေအတွက်
၁။	အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း (မုံရွာ)	(က) စာသင်ဆောင်အုတ်ညှပ်တစ်ထပ်(၂)လုံး (ခ) ဆရာဆောင်အုတ်ညှပ်တစ်ထပ်(၁)လုံး
၂။	အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း (မိတ္ထီလာ)	(က) စာသင်ဆောင်အုတ်ညှပ်တစ်ထပ်(၂)လုံး (ခ) ဆရာဆောင်အုတ်ညှပ်တစ်ထပ်(၁)လုံး
၃။	အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း (လေးဒေါင့်ကန်)	(က) စာသင်ဆောင်အုတ်ညှပ်တစ်ထပ်(၂)လုံး (ခ) ဆရာဆောင်အုတ်ညှပ်တစ်ထပ်(၁)လုံး
၄။	အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း (လှိုင်သာယာ)	(က) စာသင်ဆောင်အုတ်ညှပ်တစ်ထပ်(၂)လုံး (ခ) ဆရာဆောင်အုတ်ညှပ်တစ်ထပ်(၁)လုံး
၅။	အတတ်ပညာလေ့ကျင့်ရေးသင်တန်းကျောင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)	(က) စာသင်ဆောင်အုတ်ညှပ်တစ်ထပ်(၂)လုံး (ခ) ဆရာဆောင်အုတ်ညှပ်တစ်ထပ်(၁)လုံး
၆။	ပြည်နည်းပညာတက္ကသိုလ်	(က) ဓာတ်ခွဲခန်းအဆောက်အအုံ(၂)လုံး (ခ) သန့်စင်ခန်းအဆောက်အအုံ(၁)လုံး
၇။	နည်းပညာတက္ကသိုလ်(မန္တလေး)	စာသင်ဆောင် R.C တစ်ထပ်(၁)လုံး

၂။ တင်ဒါတင်သွင်းသူသည် ဆောက်လုပ်ပေးနိုင်မည့် တန်ဖိုးကို (B.Q)နှင့်တကွ ပူးတွဲတင်ပြရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။ တင်ဒါရွေးချယ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည်သာ အတည်ဖြစ်သည်။

၃။ တင်ဒါတင်သွင်းသူသည် တင်ဒါစည်းကမ်းချက်များ၊ တင်ဒါပုံစံနှင့် တင်ဒါတင်သွင်းသူမှလိုက်နာရန် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အမှတ်(၁၂၃)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၄၂၈၇၃၊ ၀၁-၅၄၃၃၃၆။
ညွှန်ကြားရေးမှူးချုပ်၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၄၄၅၆၊ ၀၆၇-၄၀၄၁၈၁။



မြန်မာမေဖလားဝါးဘဏ်လီမိတက်
(တရားရုံးတော်၏အမိန့်ဖြင့် ဖျက်သိမ်းဆဲ)တွင်
ငွေအပ်နှံထားသူများ၊ မြီရှင်များသိရှိစေရန် ကြေညာချက်

မြန်မာမေဖလားဝါးဘဏ်လီမိတက်(တရားရုံးတော်၏အမိန့်ဖြင့် ဖျက်သိမ်းဆဲ)၏ လာရောက်မထုတ်ယူသော အပ်နှံငွေအမျိုးမျိုးနှင့် အခြားပေးရန် တာဝန်များကို မြန်မာနိုင်ငံ ကုမ္ပဏီများနည်းဥပဒေအပိုဒ်-၁၉၉ အရ မြန်မာမေဖလားဝါးဘဏ်လီမိတက်၏ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ လက်ဝယ်မှ ရန်ကုန်ကော်လိတ္တော်အရာရှိ (Collector of Yangon)ထံသို့ ၃၀-၆-၂၀၀၈ ရက်တွင် အပ်နှံပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်ကော်လိတ္တော်အရာရှိ (Collector of Yangon) "ဌာနမှူး၊ ကုမ္ပဏီ များဆိုင်ရာအခွန်ရုံး(ရန်ကုန်တိုင်း) အမှတ်-၆၂ ဒုတိယထပ် ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့" ထံတွင် ၃၁-၁၂-၂၀၀၈ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လူကြီးမင်းတို့၏ အပ်ငွေများကို တောင်းခံ ထုတ်ယူနိုင်ပါသည်။ သတင်းစာတွင်ထည့်သွင်းကြေညာသည့်ရက်မှစ၍ ၃၁-၁၂-၂၀၀၈ရက်အတွင်း လာရောက်မထုတ်ယူပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် ပေးသွင်းမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လိုအပ်သည့်အထောက်အထားအပြည့်အစုံမှာ-

(၁) အပ်နှံသူများကိုယ်တိုင်လာရောက်ထုတ်ယူရန်
(၂) ငွေစုစာအုပ်
(၃) လူပုဂ္ဂိုလ်၏မှတ်ပုံတင်လက်မှတ်မူရင်း
(၄) Current A/C ဖြစ်ပါက ငွေစာရင်းအမှတ်နှင့် Cheque စာအုပ်မူရင်း
(၅) ငွေအပ်နှံထားခြင်းဆိုင်ရာ အခြားအထောက်အထားများ

အထက်ပါအထောက်အထားများ ပြည့်စုံမှုရှိ၊ မရှိကို "မြန်မာမေဖလားဝါးဘဏ်လီမိတက် (တရားရုံးတော်၏ အမိန့်ဖြင့်ဖျက်သိမ်းဆဲ) အမှတ် ၁၆၆ အထက်ပန်းဆိုးတန်းလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့" တွင် စိစစ်စေပြီးနောက် ငွေထုတ်ခွင့်အမိန့်ကို Collector of Yangon အဖြစ် တာဝန်ပေးထားသော ဌာနမှူး၊ ကုမ္ပဏီများဆိုင်ရာအခွန်ရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
မြန်မာမေဖလားဝါးဘဏ်လီမိတက်၊
(တရားရုံးတော်၏အမိန့်ဖြင့် ဖျက်သိမ်းဆဲ)
ရက်စွဲ-၂၀၀၈ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်။

လေဘောသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- **မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။**
- **မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။**

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* **ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေး ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။**
* **လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။**

★ မိုးလုံးပြည့် မသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘောသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး	**ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်**
ဒုတိယရုံးအဖွဲ့မှူး	**ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။**

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ဧရာဝတီတိုင်း၏ ရေမြေ သဘာဝအရ မြစ်ချောင်းအင်းအိုင် ပေါသည့်အတွက် မြစ်ချောင်းနားတွင်ရှိသည့် အချို့ကျေးရွာများမှ ပြည်သူများက မြို့နယ်ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ ဆေးကာကွယ်ပေးရေးစခန်းများသို့ သွားရောက်ရန် အခက်အခဲရှိနိုင်သည့်အတွက် နယ်လှည့်ဆေးကုသရေးအဖွဲ့မျိုးစုံဖြင့် သွားရောက်ကုသပေးခြင်း ဖြစ်ပါသည်။

ဒေါက်တာကျော်မြင့်၏ ဆောင်းပါး စာ-၈ နှင့် ၉ တွင် ဖတ်ရှုနိုင်ပါသည်။